# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်  ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနင်္လာနေ့၊  အတွဲ [၅၅]၊ အမှတ် [၀၄၇]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။ (ယမကဝဂ္ဂ ဓမ္မပဒ)

# ကျန်ရှိနေသေးတဲ့ အစိုးရသက်တမ်းကာလအတွင်းမှာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပြီး အသွင်ကူးပြောင်းရေးကို ချောမွေ့အောင်ဆောင်ရွက်သွားမှာဖြစ်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ကျွန်တော့်အနေနဲ့ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီခေါင်းဆောင်များကို အခုလိုထပ်မံပြီး တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ကျွန်တော်တို့အစိုးရ ဦးဆောင်အကောင်အထည်ဖော်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေထဲမှာ အခုလို နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံမှုကနေရရှိတဲ့ အကြံဉာဏ်များကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော် လုပ်ဆောင်ခဲ့တာလည်း လုပ်ငန်းစဉ်တစ်ခု ဖြစ်ခဲ့ပါတယ်။ အခုလိုတိုင်းပြည်အတွက် အရေးပါတဲ့ အချိန်မှာလည်း အသွင်ကူးပြောင်းရေး ညင်သာချောမွေ့စေရေးအတွက် နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံရခြင်းပဲဖြစ်ပါတယ်။

အခုဆိုရင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတကာကလည်း ရွေးကောက်ပွဲနဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ✻




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှခေါင်းဆောင်များနှင့် ရန်ကုန်မြို့၌ တွေ့ဆုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်နှင့် ဦးရဲထွဋ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ နိုင်ငံရေးပါတီ (၈၆) ပါတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါ အနိုင်ရရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို စနစ်တကျ စိစစ်ပြီး ဆက်လက်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၉ ရက်က စတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံးအနိုင်ရရှိထားပြီးဖြစ်၍ နောင်လာမည့် အစိုးရငါးနှစ်သက်တမ်းအတွက် အစိုးရသစ်ဖွဲ့စည်းနိုင်တော့မည် ဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် ပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီစနစ်နှင့်အညီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရအနေဖြင့် ကြီးလေးသော နိုင်ငံ့တာဝန်နှင့် ပြည်သူ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူရတော့မည်ဖြစ်ပါသည်။

ဤသို့ အစိုးရသစ်ပြောင်းလဲမှုနှင့်အတူ အခွင့်အလမ်းသစ်များလည်း ပေါ်ထွန်းလာဦးမည်ဖြစ်ပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပအကူအညီများ ပိုမိုအားကောင်းလာနိုင်ပါသည်။ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများ တိုးတက်လာနိုင်ပါသည်။ ဒီမိုကရေစီအင်အားစုများ ဦးဆောင်သော အစိုးရဖြစ်ခြင်းကြောင့် ဆန္ဒပြဆူပူမှုပြဿနာများ၊ တက်ကြွလှုပ်ရှားမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပါသည်။ နိုင်ငံတကာဆက်ဆံရေးမှာလည်း ကမ္ဘာ့နိုင်ငံများနှင့် ပိုမို ထဲထဲဝင်ဝင်ဖြစ်ကာ တိုးတက်လာမည့်အနေအထားရှိပါသည်။ ဤကား အစိုးရသစ်ပြောင်းလဲလာမှုနှင့်အတူ ဖြစ်ထွန်းလာနိုင်သည့် အခွင့်အလမ်းများပင်ဖြစ်ပါသည်။ အခြားအခြားသော စီးပွားရေး၊ လူမှုရေး အခွင့်အလမ်းများလည်း ရရှိဖြစ်ထွန်းလာနိုင်ပါသည်။

တစ်ချိန်တည်းမှာပင် စိန်ခေါ်မှုများလည်း ရှိလာနိုင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ဆက်လက်ဖြစ်ထွန်းအောင် ကြိုးပမ်းတည်ဆောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ၊ နိုင်ငံရေးအင်အားစုများနှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရေး စသော အရေးအရာကိစ္စများသည် ပျော့ပျောင်းညင်သာစွာဆောင်ရွက်ရမည့် စိန်ခေါ်မှုများပင်ဖြစ်ပါသည်။ မည်သို့ပင် စိန်ခေါ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်မှုအားဖြင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ထိလွယ်ရှလွယ်သောကိစ္စများသည် ညင်သာစွာလုပ်ဆောင်နိုင်ရန် အရေးကြီးလှပေသည်။

မြန်မာပြည်သူတစ်ရပ်လုံး၏ အဓိကဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လာမည့် ငါးနှစ်တာကာလအတွင်း အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးပြီး စိန်ခေါ်မှုများကို ကျော်လွှားကာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ဝိုင်းဝန်းကြိုးပမ်းနိုင်လိမ့်မည်ဟု ပြည်သူတစ်ရပ်လုံးက မျှော်လင့်လျက်ရှိပါကြောင်း။ ။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဇော်ချောင်းတံတား ပြန်လည်တည်ဆောက်ပြီးစီးသဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီ

ကန့်ဘလူ နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူ – ကျွန်းလှ – ကောလင်းလမ်း (နတလလမ်း)ပေါ်ရှိ ကန့်ဘလူမြို့နယ် ပေါက်ဆိန်ကုန်းကျေးရွာနှင့် သင်တောကျေးရွာကြား ဇော်ချောင်းတံတားကို ကောလင်းမြို့နယ် လမ်းဦးစီးဌာနက ဩဂုတ်လက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးပြီဖြစ်၍ ခရီးသွားပြည်သူများ၊ ယာဉ်ကြီးယာဉ်ငယ်များ စိတ်အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ဇော်ချောင်းတံတားအား အသစ်ပြန်လည်တည်ဆောက်မှုအပြီး မြင်တွေ့ရစဉ်။

အဆိုပါတံတားသည် ဇူလိုင်လက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယခင်ရှိပြီး ကွန်ကရစ်တံတားမှာ ပျက်စီးမှုမရှိသော်လည်း ယင်းတံတား၏မြောက်ဘက်ခြမ်း၌ ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်မြေသားပေ ၁၀၀ ခန့် မျောပါသွားပြီး ယာဉ်များ သွားလာမရဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ ကန့်ဘလူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင် ဦးဆောင်ကြီးကြပ်မှုနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ ယာဉ်ငယ်များနှင့်ပြည်သူများ သွားလာနိုင်ရေး ယာယီတံတား တည်ဆောက်ခဲ့ကြသည်။ ကောလင်းမြို့နယ် လမ်းဦးစီးဌာနက ယခင် ကွန်ကရစ်တံတားနှင့်ဆက်လျက် ပေ ၁၀၀ ရှိသည့် သံပေါင်ဘေလီတံတားကို တည်ဆောက်ပြီးဖြစ်ရာ ကန့်ဘလူ၊ ကျွန်းလှနှင့် ကောလင်းမြို့နယ်အတွင်းရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မော်ကျွန်း–သံကြိုးတိုင်စက်ကုန်း ချောင်းကူးတံတားပြုပြင်ပေးရန် ဒေသခံများလိုလား

ထင်သာမြင်သာပြုပြင်စရာ



မော်လမြိုင်ကျွန်းမြို့နယ် ရေလိန်ကျေးရွာအုပ်စု သံကြိုးတိုင်စက်ကုန်းကျေးရွာမှ ရေလိန်ရွာမသို့ ဆက်သွယ်သော မော်ကျွန်း-ကျိုက်ပိ-မအူပင်ကားလမ်း ချောင်းကူးတံတားသည် ရက်မတန်းနှင့် တံတားတိုင်အချို့ပျက်စီးပြီး ချောင်းကူးတံတားယိုင်နဲ့နေသဖြင့် နေ့စဉ် တံတားပေါ်မှ ကူးသန်းသွားလာကြရသော သံကြိုးတိုင်-စက်ကုန်း-ရေလိန်ရွာမ၊ ထီဇာမိတ်၊ အောင်ချမ်းသာ၊ ကျွန်းကလေးနှင့် ကျားလေးချောင်းကျေးရွာဒေသခံပြည်သူများနှင့် ကျောင်းသားမိဘများမှာ သတိဖြင့်ကူးသန်းသွားလာနေကြရသည်။ ယိုယွင်းနေသောကားလမ်းချောင်းကူးတံတားပေါ်မှ ကျောင်းဖွင့်ရက်တိုင်း ကျောင်းတက်ကြရသော ဒေသခံကျောင်းသား ကျောင်းသူများကို မိဘအုပ်ထိန်းသူများကိုယ်တိုင်လိုက်ပါပြီး ချောင်းကူးတံတားပေါ်တွင် လက်တွဲပြီး ကူးသန်းပို့ဆောင်ပေးကြရသည်။

ထို့ကြောင့် အဆိုပါသံကြိုးတိုင်နှင့်စက်ကုန်းကားလမ်းချောင်းကူးတံတားကို ဒေသခံကျေးရွာခုနစ်ရွာမှ ကျေးရွာနေပြည်သူများက အမြန်ဆုံးပြုပြင်ပေးရန် လိုလားနေကြကြောင်း သိရသည်။

**မော်ကျွန်း–မြင့်အောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၁၁-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၈၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၈၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၀၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၈၄ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၉၇ |

ခင်ရတနာ-စုစည်းသည်။

## လွှတ်တော်များအနေနဲ့ ဆောင်ရွက်ရန်ရှိသည်များကို အဆင့်ဆင့် ဆောင်ရွက်ပြီးတဲ့အခါမှာ ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့သစ်ထံကို သတ်မှတ်ချိန်အတွင်း စနစ်တကျတာဝန် လွှဲပြောင်းပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှု မရှိစေဖို့နဲ့ တည်တည်ငြိမ်ငြိမ်နဲ့ ချောချော မွေ့မွေ့ ဖြစ်စေဖို့ ဆောင်ရွက်မှာဖြစ်တယ်။

❇ ရှေ့ဖုံးမှ

ပတ်သက်လို့ ချီးကျူးဂုဏ်ပြုနေတာတွေ အများအပြား ရှိနေပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော်အစဉ်ကတိပြု ပြောကြားခဲ့တဲ့အတိုင်းပဲ လွတ်လပ်တဲ့ ရွေးကောက်ပွဲများကို ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးကဏ္ဍကနေ ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ အခု အဲ့ဒီကတိအတိုင်းပဲ ဆောင်ရွက်ပေးခဲ့ပါပြီလို့ ထပ်လောင်းပြောကြားလိုပါတယ်။ ရွေးကောက်ပွဲများကို လွတ်လပ်စွာ ကျင်းပနိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်အောင်မြင်မြင်နဲ့ ရှေ့ကို ဆက်သွားနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရ တာဝန်ယူချိန်ကစပြီး နိုင်ငံရေးဖြစ်စဉ်မှာ ပြည်သူတွေတက်ကြွစွာ ပါဝင်လာနိုင်ရေးအတွက် လိုအပ်တဲ့ နိုင်ငံရေးဖြေလျှော့မှုတွေ၊ မီဒီယာလွတ်လပ်ခွင့်တွေနဲ့ အုပ်ချုပ်ရေးပုံစံတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ပြည်သူတွေ နိုင်ငံရေးမှာ နိုးကြားစွာပါဝင်လာခြင်းမှာ နိုင်ငံရေးပါတီများရဲ့ အင်အားကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒီနေရာကနေ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍကိုလည်း ဂုဏ်ပြုအသိအမှတ်ပြု ပြောကြားလိုပါတယ်။

ငါးနှစ်အတွင်းဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ အသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို ကျွန်တော်တို့ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုကျင်းပတဲ့အခါမှာ တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနဲ့အောင်မြင်မှုရှိစွာ ကျင်းပနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၊ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများ၊ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ၊ ပါဝင်ကူညီခဲ့ကြသူများနဲ့ မဲဆန္ဒရှင် ပြည်သူလူထုကြီးကိုလည်း ဂုဏ်ပြုအပ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကျန်ရှိနေသေးတဲ့ အစိုးရသက်တမ်းကာလအတွင်းမှာ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်ပြီး အသွင်ကူးပြောင်းရေးကို ချောမွေ့အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒုတိယအကြိမ်လွှတ်တော်များ စတင်ကျင်းပဖို့ ဖိတ်ကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ ဆောင်ရွက်ရန်ရှိသည်များကို အဆင့်ဆင့်ဆောင်ရွက်ပြီးတဲ့အခါမှာ ပေါ်ပေါက်လာမယ့်အစိုးရအဖွဲ့သစ်ထံကို သတ်မှတ်ချိန်အတွင်း စနစ်တကျ တာဝန်လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှု မရှိစေဖို့နဲ့ တည်တည်ငြိမ်ငြိမ်နဲ့ ချောချောမွေ့မွေ့ဖြစ်စေဖို့ ဆောင်ရွက်မှာဖြစ်တယ်လို့ ထပ်မံပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့ တာဝန်ယူတဲ့ ငါးနှစ်တာကာလသက်တမ်းအတွင်းမှာ ဆောင်ရွက်ရန်ရှိသည်များကို အကောင်းဆုံး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့်တော့ နိုင်ငံရေးအရကြည့်မယ်ဆိုရင် နိုင်ငံရေးအင်အားစုတွေအကြားမှာ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းနဲ့ အဖြေရှာတဲ့ နိုင်ငံရေး ယဉ်ကျေးမှုသစ် အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ခဲ့ပါတယ်။ ငွေလဲနှုန်း၊ လွတ်လပ်တဲ့ဗဟိုဘဏ်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေတွေကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ခဲ့သလို အခုဆိုရင် အရှိန်အဟုန်ပြင်းပြင်းနဲ့ ဝင်ရောက်လုပ်ကိုင်ဖို့ အလားအလာကောင်းတွေ တွေ့မြင်နေရပြီဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကဏ္ဍမှာလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့နဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့များအနေနဲ့လည်း ပါဝင်လာနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီစာချုပ်မှာ အဓိကအားဖြင့် လက်နက်ကိုင် ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဖို့၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲများကနေတစ်ဆင့် အတူတကွ ဝိုင်းဝန်းတည်ဆောက်ဖို့ဆိုတဲ့ နိုင်ငံရေး အာမခံချက်တွေ ပါဝင်ပါတယ်။ ဒီတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)သည် ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်တစ်ခုအနေနဲ့ အကောင်းဆုံးချန်ထားရစ်နိုင်ခဲ့တာဖြစ်ပါတယ်။ မကြာမီမှာ NCA သဘောတူညီချက် အချိန်ဇယားများအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်ဖို့လည်း ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် နောင်ပေါ်ပေါက်လာမယ့် အစိုးရအနေနဲ့ ဒီအခြေခံကောင်းတွေအပေါ်မှာ အကောင်းဆုံးဆက်လက်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲများသည် အဓိကကျသော်လည်း ဒီ ရွေးကောက်ပွဲများဟာ သက်တမ်းအလိုက် အမြဲရှိနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့စနစ်အရဆိုရင် ငါးနှစ်မှာတစ်ခါ ရွေးချယ်နေကြရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲရလဒ်များဟာ ပြည်သူလူထုရဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများဟာလည်း ရွေးကောက်ပွဲများမှာ နိုင်တဲ့ပါတီရှိမယ်၊ ရှုံးတဲ့ပါတီရှိမယ်။ သို့သော်လည်း ဒီမိုကရေစီစနစ်ဖြစ်တဲ့အတွက် ရွေးကောက်ပွဲမှာ အများစုအနိုင်ရပါတီများဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ရမှာဖြစ်သလိုအနည်းစုသာ အနိုင်ရတဲ့ပါတီများအနေနဲ့ကလည်း ဒီမိုကရေစီရဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်တဲ့ Check and Balance မပျောက်စေဖို့အတွက် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရွေးကောက်တင်မြှောက်ခြင်းမခံရတဲ့ ပါတီများအနေနဲ့ကလည်း လွှတ်တော်ပြင်ပ နိုင်ငံရေးအနေနဲ့ ထိန်းကျောင်းသွားရမှာဖြစ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီစနစ်ဟာ အသက်ဝင်ရှင်သန် နေမှာဖြစ်ပါတယ်။ ဒါကြောင့် အပြန်အလှန် ထိန်းကျောင်းခြင်းဖြစ်စဉ် အားကောင်းနေစေဖို့အတွက် နိုင်ငံရေးပါတီအားလုံးအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့ ဒီကနေ တိုက်တွန်းလိုပါတယ်။

တစ်ဖန် ကျွန်တော်တို့တိုင်းပြည်ဟာ အသွင်ကူးပြောင်းရေးဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်တဲ့အားလျော်စွာ အသွင်ကူးပြောင်းရေးအောင်မြင်ဖို့အတွက် အစိုးရနဲ့လွှတ်တော်တို့မှာသာ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံရေးအင်အားစုတိုင်းမှာ တာဝန်ရှိနေပါတယ်။ ဒါကြောင့်အသွင်ကူးပြောင်းရေး ပြီးမြောက်အောင်မြင်ဖို့ နိုင်ငံရေးပါတီတွေရဲ့အားက အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေပါသေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ အခြေအနေအရ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း နိုင်ငံရေးပါတီများရဲ့အခန်းကဏ္ဍ လိုအပ်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကနေ ပေါ်ပေါက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲများမှာ နိုင်ငံရေးအင်အားစု အသီးသီးအနေနဲ့ မိမိတို့ကိုယ်စားပြုမယ့် အခန်းကဏ္ဍအလိုက် ပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားကြရမယ်ဆိုတဲ့ အချက်ကိုလည်း မီးမောင်းထိုးပြလိုပါတယ်။

ရွေးကောက်ပွဲများ ရှိနေတာနဲ့အမျှ နိုင်ငံရေးပါတီများအနေနဲ့ အနိုင်အရှုံးဆိုတာလည်း ရှိနေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခုပြီးတိုင်းမှာလည်း ပြည်သူလူထုများရဲ့ ရွေးချယ်မှုဟာ အနည်းနဲ့အများ ပြောင်းလဲနေမှာဖြစ်ပါတယ်။ မည်သို့ပင်ပြောင်းလဲစေကာမူ အမှန်တကယ်အရေးကြီးတာကတော့ တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ ဆက်လက် ဖွံ့ဖြိုးတိုးတက်နေစေဖို့ပဲဖြစ်ပါတယ်။ ဒါကတော့ အစိုးရတိုင်းက လုပ်ဆောင်ရမယ့် တာဝန်ပဲဖြစ်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေဖို့အတွက်တော့ အားလုံးက ဆောင်ရွက်နေရမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စတင်လျှောက်လှမ်းစ၊ တစ်နည်းအားဖြင့် စနစ်ဟောင်းကနေ စနစ်သစ်ကို ကူးပြောင်းနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် အပြောင်းအလဲမှာ စနစ်တကျနဲ့ သိမ်သိမ်မွေ့မွေ့ ကူးပြောင်းဖို့လိုပါတယ်။ တစ်ဖန် ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားနဲ့ ကမ္ဘာ့နိုင်ငံရေးဆိုတာတွေကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရနဲ့ တိုင်းပြည်မှာ ဖော်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များအတွက် ဒီကိစ္စတွေဟာ အလွန်အရေးကြီးပါတယ်။ အစိုးရတာဝန်ကို ထမ်းဆောင်မယ့် ပုဂ္ဂိုလ်များအနေနဲ့ ဒီအချက်ကို အထူးအလေးအနက်ထား ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ရွေးကောက်ပွဲမတိုင်မီကတည်းက ကျွန်တော် ရေဒီယိုမိန့်ခွန်းမှာ ကတိပေးပြောကြားခဲ့တဲ့အတိုင်းပဲ ရွေးကောက်ပွဲရလဒ်များသည် ပြည်သူများရဲ့ဆန္ဒကို ထင်ဟပ်တယ်လို့ အလေးအနက် ယုံကြည်ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့နောက်မှာတော့ အသွင်ကူးပြောင်းရေးမှာ ချောချောမွေ့မွေ့ ဖြစ်ဖို့လိုတယ်။ တိုင်းပြည်အနေနဲ့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ကို တက်လှမ်းနိုင်ဖို့ လာမယ့်အနာဂတ် ရွေးကောက်ပွဲတွေဟာ ပိုမိုစနစ်ကျလာရမယ်။ ဒီမိုကရေစီစံနှုန်းတွေ မြင့်မားလာရမယ်ဆိုတဲ့ ဦးတည်ချက်များအတွက် ဒီကနေ့ ကျွန်တော်တို့ နိုင်ငံရေးအင်အားစုများအားလုံးမှာ တာဝန်ရှိပါတယ်။

ဒီလိုအရေးပါတဲ့အခိုက်အတန့်မှာ ကျွန်တော်တို့အားလုံးရဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနဲ့ အမြော်အမြင်ကြီးမှုများက အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီကနေ့ ကြွရောက်လာတဲ့ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်ဖို့၊ ပိုမိုငြိမ်းချမ်းသာယာဖို့၊ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့၊ ကျွန်တော်တို့အားလုံး အတူတူလက်တွဲပြီး ပိုမိုကြိုးစားဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကလေးမြို့နယ်၌ ဆောင်းသီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ကလေး နိုဝင်ဘာ ၁၅**

ကလေးဒေသတွင် ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် လယ်ယာမြေပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ကုစားနိုင်ရေးအတွက် မိုးစပါးနှင့် မိုးသီးနှံများ ပြန်လည်စိုက်ပျိုးခြင်းမပြုနိုင်သည့် လယ်ယာမြေ ၂၆၅၆ ဧကအား ဆောင်းသီးနှံများဖြင့် အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ဆောင်းသီးနှံမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံမျိုးစေ့များ ဖြန့်ဝေခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်နံနက်က ခရိုင်စိုက်ပျိုးရေးရုံးတွင် ကျင်းပခဲ့ပြီး ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက တောင်သူများထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကလေးဒေသအတွင်း မိုးစပါးများ ပျက်စီးဆုံးရှုံးမှုအတွက် ကလေးဒေသလယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံမျိုးစေ့များအား ကျေးရွာအုပ်စု ၂၂ အုပ်စုတို့အတွက် စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး မြေပဲ အတောင့်နှင့်အဆန်၊ နေကြာနှင့် ပဲတီစိမ်း၊ ပဲယင်းနှင့်ပဲပုပ်၊ ပဲနီနှင့်ပဲကြား၊ အစေ့ထုတ်ပြောင်း၊ မတ်ပဲနှင့်စားတော်ပဲ၊ ကုလားပဲနှင့် ပဲလွမ်းဖြူ ပဲကြီးနှင့်ဂျုံစသည့် ဆောင်းသီးနှံမျိုးစေ့များကို တောင်သူများထံသို့ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဂျူနိုင်း




စာပေမြင့်မှ လူမျိုးတင့်မည်
စာအုပ်စာပေ လူ့မိတ်ဆွေ

*※ ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက နိုင်ငံတော် ပိုမိုတည်ငြိမ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ NCA သဘောတူညီချက်နှင့်အညီ အချိန်ဇယားများအတိုင်း နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရေး၊ ရွေးကောက်ပွဲအလွန်ကာလ အသွင်ကူးပြောင်းရေးတွင် ချောချောမွေ့မွေ့ဖြစ်စေရေး၊ အနာဂတ်တွင် ဒီမိုကရေစီစံနှုန်းများ ပိုမိုမြင့်မားလာစေရေးနှင့် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ ပိုမိုပါဝင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိုင်ငံရေးပါတီများ၏တင်ပြဆွေးနွေးမေးမြန်းချက်များကို ကဏ္ဍအလိုက် အသေးစိတ်ပြန်လည်ဆွေးနွေးပြီး တွေ့ဆုံပွဲကို နံနက် ၁၁ နာရီ မိနစ်၄၀ တွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**





### ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(ဓာတ်ပုံ-ဦးရဲထွဋ် ဖေ့စ်ဘွတ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ပွဲရလဒ်များကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဖွင့်လှစ်ထားသော မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက်ကစတင်၍ ထုတ်ပြန်ကြေညာခဲ့ရာ ယနေ့ ညနေ ၄ နာရီတွင် ဆက်လက်ထုတ်ပြန်ကြေညာခဲ့သည်။

ယနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး) လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ကြောင့် ပြည်သူ့လွှတ်တော် ၃၂၀ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၅၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ “ဝ”ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၃ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၂ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီမှ သုံးဦး၊ တအာင်း (ပလောင်) အမျိုးသားပါတီမှ သုံးဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)မှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၇ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၃၅ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ သုံးဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၀ ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ တစ်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ နှစ်ဦးတို့ ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၂၆ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၇၄ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၇၂ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး၊ “ဝ”ဒီမိုကရက်တစ်ပါတီမှ နှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ သုံးဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၅ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ တစ်ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး၊ မွန်အမျိုးသားပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ ၂၂ ဦး၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ တစ်ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)မှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီမှ ခြောက်ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ ခုနစ်ဦး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ တစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ တစ်ဦး၊ “ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ( ဒူးလေးပါတီ)မှ တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦး ထုတ်ပြန်ကြေညာခဲ့မှုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁၇ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရခိုင်အမျိုးသားပါတီမှ တစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)မှ တစ်ဦး၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တစ်ဦး၊ တစ်သီးပုဂ္ဂလမှ တစ်ဦးတို့ ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နောင်ဆက်တာဝန်ယူမယ့် အများစုနိုင်တဲ့ နိုင်ငံရေးပါတီနဲ့ အစိုးရအဖွဲ့ကလည်း ပါတီငယ်လေးတွေနဲ့တွေ့ဆုံဆွေးနွေးပြီးတော့မှ အကြံဉာဏ်ယူတဲ့အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းသွားနိုင်မယ်လို့ မျှော်လင့်တယ်

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးပါတီခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၏ပြောကြားချက်များကို ပြန်လည်ကောက်နုတ်ဖော်ပြအပ်ပါသည်။**



"ဒီနေ့ အစည်းအဝေးနဲ့ပတ်သက်ပြီး သမ္မတကြီးရဲ့ ရည်ရွယ်ချက်ကတော့ ရွေးကောက်ပွဲမှာ အနည်းစုပေါ့လေ၊ အနည်းစုပဲ အနိုင်ရတဲ့ပါတီတွေ၊ လုံးဝအနိုင်ရရှိခြင်းမရှိတဲ့ ပါတီတွေ တွေ့ဆုံဆွေးနွေးတာပေါ့။ အဓိကအားဖြင့်တော့ ဘာလဲဆိုတော့ တစ်ကတော့ ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ရွေးကောက်ပွဲတွေဆိုတာ အကြိမ်ကြိမ် ဖြစ်နေဦးမှာပါ။ အဲ့တော့ရွေးကောက်ပွဲတစ်ကြိမ်မှာ မနိုင်တာနဲ့ပါတီတွေ ပျောက်ကွယ်သွားတယ်ဆိုတာ မဖြစ်သင့်ဘူး၊ ဒါကြောင့်မို့ ဒီပါတီတွေအနေနဲ့ လွှတ်တော်ထဲရောက်တဲ့ပါတီတွေကလည်း လွှတ်တော်ထဲမှာ ဟန်ချက်ညီညီ ထိန်းကျောင်းတဲ့ အလုပ်ကိုဝင်လုပ်ဖို့၊ လွှတ်တော်ပြင်ပမှာရှိတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ပျောက်ကွယ်မသွားဘဲနဲ့ လွှတ်တော်ပြင်ပကနေပြီးတော့မှ အုပ်ချုပ်ရေးမဏ္ဍိုင်တို့၊ တရားဥပဒေပြုရေးမဏ္ဍိုင်တို့ကို ဝိုင်းဝန်းထိန်းကျောင်းပေးဖို့ ဒါကို တိုက်တွန်းတာပါ၊

"နှစ်ကတော့ ကျွန်တော်တို့ အဓိကအားဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ နိုင်ငံရေးပါတီတွေရဲ့အမြင်တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ရှိတယ်။ ဒါကြောင့်မို့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း အဲ့ဒီကိစ္စအတွက် ပြင်ဆင်ထားဖို့ ဆိုပြီးတော့ အားပေးတာပေါ့။ နောက်တစ်ခုကတော့ ကျွန်တော်တို့က ဒီလိုပါတီတွေနဲ့ တွေ့ခြင်းအားဖြင့် ကြားကာလမှာ ကျွန်တော်တို့ ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ ပါတီတွေရဲ့အကြံဉာဏ်ကိုလည်း တောင်းခံတာပေါ့။ အဲ့ဒီလို တောင်းခံတဲ့အခါမှာလည်း သမ္မတကြီးပြောသလိုပဲ တချို့ဟာတွေက ကျွန်တော်တို့ လက်ထက်မှာလုပ်ပေးလို့ရမယ့် လုပ်ငန်းတွေရှိတယ်။ တချို့ရေရှည်လုပ်ရမယ့်လုပ်ငန်းတွေက နောင်တာဝန်လွှဲပြောင်းတဲ့အခါမှာထည့်ပြီး လွှဲပြောင်းပေးရမယ့်လုပ်ငန်းတွေရှိတာပေါ့။ အဓိကရည်ရွယ်ချက်ကတော့ ဒါပါပဲ။

"ဒါကို ဘာဖြစ်လို့ သမ္မတကြီးက ပါတီတွေအများကြီးနဲ့ တွေ့ဆုံရသလဲဆိုရင် ပြန်ကြည့်လိုက်ရင် တွေ့ပါလိမ့်မယ်၊ သမ္မတကြီး တာဝန်ယူတဲ့တစ်လျှောက်လုံးမှာ နိုင်ငံရေးပါတီတွေအားလုံးနဲ့တွေ့ဆုံပြီးတော့ နားထောင်တယ်၊ နားထောင်တယ်ဆိုတာ ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံမှာက စိန်ခေါ်မှုတွေအများကြီးရှိတဲ့အခါမှာ အလိုအပ်ဆုံးက ကျွန်တော်တို့အသိုင်းအဝိုင်းမှာ တစ်ယောက်နဲ့တစ်ယောက်ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်၊ ယုံကြည်မှုတည်ဆောက်ဖို့အတွက် တွေ့ဆုံစကားပြောခြင်းတွေနဲ့ပဲ ရနိုင်တယ်၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးတယ်ဆိုတဲ့ ယဉ်ကျေးမှုတစ်ရပ်ကိုထူထောင်တဲ့အခါမှာ ပါတီကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ လူမျိုးကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အားလုံးနဲ့ထိတွေ့ ဆက်ဆံတယ်၊ သူတို့ရဲ့အကြံဉာဏ်တွေကို နားထောင်တယ်။ နားထောင်ပြီးတော့မှ အစိုးရအဖွဲ့မူဝါဒတွေမှာ အသုံးချတယ်။ တကယ်လို့ ဒီလိုမျိုးလုပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့လုပ်နေတဲ့ငြိမ်းချမ်းရေးဖြစ်စဉ်တို့၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တို့၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ ဒီလို ဆွေးနွေးပွဲတွေကရတဲ့ အကျိုးရလဒ်တွေကို အများကြီး အသုံးချနိုင်တယ်။ ကျွန်တော်တို့ လက်ထက်မှာတွေ့သလိုပဲ နောင်ဆက်တာဝန်ယူမယ့် အများစုနိုင်တဲ့ နိုင်ငံရေးပါတီနဲ့ အစိုးရအဖွဲ့အနေနဲ့လည်း ပါတီငယ်လေးတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ အကြံဉာဏ်ယူတဲ့အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းသွားနိုင်မယ်လို့ ကျွန်တော်မျှော်လင့်တယ်။"

*** ကျောဖုံးမှ**

အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်း၏ ထူးခြားချက်တစ်ရပ်မှာ မီလ္လာစက်ရုံမှ လေမှုတ်ပြီးနောက် ထွက်လာသည့် အနည်အနှစ်များမှ ဇီဝဓာတ်ငွေ့ထုတ်ယူကာ ယင်းဇီဝဓာတ်ငွေ့ဖြင့် အဆိုပါ ရေဆိုးသန့်စင်စက်ရုံက လိုအပ်သော ဓာတ်အားတစ်ဝက်ခန့်ကို ထုတ်ယူအသုံးပြုသွားမည်ဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေ ဒေါ်လာသန်း ၆၀ထဲတွင် ပြင်သစ်ဖွံ့ဖြိုးရေး အေဂျင်စီတစ်ခုဖြစ်သော Agence Francaise de Developpement က ဒေါ်လာ ၄၆ သန်း၊ ဥရောပသမဂ္ဂ၏ အာရှရင်းနှီးမြှုပ်နှံမှု အထောက်အပံ့အဖွဲ့က ဒေါ်လာ ၆ ဒသမ ၈ သန်းနှင့် မြို့ပြရာသီဥတုပြောင်းလဲမှုခံနိုင်ရေး ရန်ပုံငွေအဖွဲ့က ဒေါ်လာ ၄ သန်း ဖြည့်စွက်ပံ့ပိုးခဲ့ကြကြောင်း ဆိုသည်။

အိန္ဒိယ၊ တရုတ်နိုင်ငံကြီးနှစ်နိုင်ငံနှင့်ချိတ်ဆက်ကာ အမျိုးသားစီးပွားရေးဗဟိုချက်မတစ်ခု ဖြစ်လာရန် အလားအလာများစွာရှိနေသော မန္တလေးမြို့အနေဖြင့် အဆင့်မမီသော ဝန်ဆောင်မှုများနှင့် မိုးရာသီ၌ ရေလွှမ်းမိုးမှုအပါအဝင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရမှုစသော အချက်များက အဟန့်အတားသဖွယ်ဖြစ်နေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အရှေ့တောင်အာရှဌာနဆိုင်ရာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းပညာရှင်ဖြစ်သူ အဲရစ်ဟွန်ဒါက ပြောကြားသည်။

## ယာဉ်ကြောကျပ်တည်းမှု ရှောင်ကွင်းနိုင်မည့် ရှစ်မိုင်ခုံးကျော်တံတား ၂၀၁၆ ခုနှစ် မတ်လကုန် အပြီးတည်ဆောက်မည်

ရန်ကုန် နိုဝင်ဘာ ၁၅

**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံမီးပွိုင့်၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြေလျှော့နိုင်ရေးအတွက် ပြည်လမ်းမကြီးအတိုင်း တောင်နှင့်မြောက်သွယ်တန်းထားမည့် လေးလမ်းသွားခုံးကျော်တံတားကို တည်ဆောက်လျက်ရှိရာ(အောက်ပုံ)ပထမအဆင့် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။**

၂၀၁၆ ခုနှစ် မတ်လကုန်၌ အပြီးတည်ဆောက်ရန်ရည်ရွယ်ထားသည့် အဆိုပါတံတားကို ခန့်မှန်းကုန်ကျငွေကျပ် ၁၅ ဒသမ ၈ မီလီယံအထိ လျာထားသတ်မှတ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်အရ Croum Advarced ကုမ္ပဏီမှ ဂျပန်နှင့်ထိုင်းပညာရှင်များနှင့် မြန်မာ အင်ဂျင်နီယာများ စုပေါင်းတည်ဆောက်လျက်ရှိကြောင်း အင်ဂျင်နီယာချုပ် ဒေါ်နှင်းသက်ခိုင်က ပြောသည်။

အဆိုပါတံတားသည် ၅၂၅ မီတာ ရှည်လျားပြီး အကျယ်မှာ ၁၃ ဒသမ ၄ မီတာရှိကာ လူသွားလမ်းမပါရှိသည့် လေးလမ်းသွားခုံးကျော်တံတား တစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ပြည်လမ်းမကြီးရှိ မြို့နယ်စည်ပင်ရုံးမှ ရှစ်မိုင်လမ်းဆုံမီးပွိုင့်ကိုဖြတ်ကာ ပြည်လမ်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အထိ ရှည်လျားကြောင်း သိရသည်။ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးစေရန် နေ့ညတာဝန်များ ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## ပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ အငှမပွဲစဉ်များကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် Shwe Mann Taung Golf Resort မှ အဓိကကူညီထောက်ပံ့မည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ အငှမပွဲစဉ်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့်အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-22) ပြိုင်ပွဲဟူ၍ပါဝင်ပြီး (R&A Rules Limited) ၏ဂေါက်သီးစည်းမျဉ်းနှင့်အညီ ကွင်းဒေသန္တရစည်းမျဉ်းများသတ်မှတ်ရေးဆွဲ၍ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီးဂေါက်သီးအားကစားသမားများသည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ဦးရေ ၉၆ ဦးသာ ကန့်သတ်လက်ခံမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အမည်စာရင်းများကို ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉ -၂၅၄၇၂၅၀၈၁ တို့သို့ ကြိုတင်ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များကို ကြိုတင်လေ့ကျင့်မှုပြုလုပ်နိုင်ရန်အတွက် Official Practice Round ကို နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ နိုဝင်ဘာ ၁၅ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက် ငွေကျပ် သုံးသောင်း၊ ဝါသနာရှင်အဆင့်အမျိုးသားနှင့်အမျိုးသမီးများအတွက် ငွေကျပ်တစ်သောင်းဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများကို ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

### ထူးခြားသည့် ညအပူချိန်များ

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မုဒုံမြို့တွင် ၀ ဒသမ ၅၅ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

# နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံပွဲအပြီး နိုင်ငံရေးပါတီများ၏ သဘောထားအမြင်များ

**တွေ့ဆုံမေးမြန်း**
**မင်းသစ်၊ သီသီမင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

ရန်ကုန် နိုဝင်ဘာ ၁၅

နိုင်ငံတကာနှင့် အရပ်ဘက်အဖွဲ့အစည်းများက အလေးထားစောင့်ကြည့်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် နိုဝင်ဘာ ၈ ရက်က ငြိမ်းချမ်းစွာဖြင့် အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလသည် တိုင်းပြည်အတွက် အရေးပါသည့်အချိန်ဖြစ်၍ အသွင်ကူးပြောင်းရေး ညင်သာချောမွေ့စေရန်အတွက် နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီအသီးသီးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



**ဦးညွန့်ဝင်း**
**(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

ဒီနေ့လုပ်တဲ့ တွေ့ဆုံပွဲမှာ သမ္မတကြီးက ကောင်းမွန်တဲ့ အချက်အလက်တွေ ပေးလိုက်တာပါ။ အားလုံးလည်း ကြိုဆိုကြပါတယ်။ ငြိမ်းချမ်းရေးကိစ္စက သီးခြားဆွေးနွေးရမယ်ထင်တယ်။ ပထမအရေးကြီးတာက ဥပဒေနဲ့အညီ အစိုးရသစ်ဖွဲ့ဖို့၊ ဒါနဲ့ပတ်သက်ပြီး သမ္မတကြီးက အရင်ကလည်းပြောတယ်။ အခုလည်း ပြောပါတယ်။ လက်ရှိ အုပ်ချုပ်သွားတဲ့ အစိုးရရဲ့ ငါးနှစ်သက်တမ်းမှာ အားနည်းချက်၊ အားသာချက်တွေ စဉ်းစားရမှာ အများကြီးရှိတယ်။ ဘယ်သူပဲအုပ်ချုပ်အုပ်ချုပ် အမှားအယွင်း၊ ချို့ယွင်းချက်ဆိုတာ ရှိမှာပဲ၊ ဒါတွေကို မြင်ရမယ်။ ပြင်ရမယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ အမျိုးသားရင်ကြားစေ့ရေးကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဦးသန်းဌေး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)**



အစိုးရအဖွဲ့ အလွှဲအပြောင်းကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပါတီအားလုံး၊ နိုင်ငံတော်နဲ့ ကမ္ဘာကို အသိပေးလိုက်တာပါ၊ ရွေးကောက်ပွဲအပြီး ဆက်လုပ်သွားရမယ့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အခုမှပြောတာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲမတိုင်ခင်ကတည်းက ပါတီရဲ့ရွေးကောက်ပွဲကြေညာစာတမ်းအဖြစ်နဲ့ တိုင်းပြည်ကို ရုပ်သံတွေကနေတစ်ဆင့် ပြောထားပါတယ်။ အဲဒါဘာလဲဆိုတော့ နိုင်ငံကို ခေတ်မီအောင် လုပ်ဖို့လိုတယ်။ ပွင့်လင်းမြင်သာတဲ့ လူမှုစနစ်တစ်ရပ် ထူထောင်ဖို့လိုတယ်။ တည်ငြိမ်အေးချမ်းအောင် ငြိမ်းချမ်းရေးအရ လုပ်ဖို့လိုတယ်။ ဒါတွေဟာ အာဏာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်တို့ ဆက်လုပ်သွားမယ်၊ ဒါကပါတီတိုင်း၊ နိုင်ငံသားတိုင်းလုပ်ရမယ့်ကိစ္စ၊ ဒီအတိုင်းပဲ ဆက်လက် ရပ်တည်သွားမယ်လို့ ပြောချင်ပါတယ်။



**ဒေါက်တာအေးမောင်**
**(ရခိုင်အမျိုးသားပါတီ)**

တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ တိုင်းပြည်ကြီး ဖြစ်ချင်တယ် ဆိုတာတွေ၊ နောက် အာဏာလွှဲပြောင်းရေးကိစ္စတွေ အဲဒါတွေကို မူတည်ပြီး ဒီနေ့ဆွေးနွေးတာပါ၊ ငြိမ်းချမ်းရေးဖြစ်စဉ် NCA အဲဒီမှာ အားလုံးပါဝင်တဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ပဲဖြစ်မယ်၊ ဒီလို အကူးအပြောင်းကာလလေးမှာ နောက်တစ်ဆင့်တက်မယ့် အစိုးရရဲ့တာဝန်က အင်မတန်မှ အရေးကြီးပါတယ်။ မပြီးဆုံးသေးတဲ့ NCA ကို အားလုံး ပါဝင်အောင် ခြေလှမ်းလှမ်းပြီးမှ နောက်အစိုးရကို လက်ဆင့်ကမ်းရင် ကျွန်တော်တို့ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်မယ်ဆိုတဲ့ သဘောပါပဲ။ နောက်တစ်ခုက ဒီလွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့တာကလည်း အစိုးရရဲ့ တာဝန်ကျေမှုတစ်ရပ်ပါ။

ကျွန်တော်တို့နိုင်ငံဆိုတာ လူဦးရေ လျှံကျနေတဲ့နိုင်ငံတွေ ပတ်လည်ဝိုင်းနေပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားရေး စရိုက်လက္ခဏာ မပျောက်ပျက်ဖို့ အရေးကြီးတယ်။ အခုအစိုးရ ဆောင်ရွက်သလို လာမယ့်အစိုးရကလည်း ဒီအမျိုးသားအကျိုးစီးပွား၊ အမျိုးသားရေး စရိုက်လက္ခဏာမပျောက်အောင် ထိန်းသိမ်းဖို့ တာဝန်ရှိတယ်။

**ဦးပါစီပြည်ဟိန်း (စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ)**



ကျွန်တော်တင်ပြခဲ့တာကတော့ မြစ်ဆုံကိစ္စပေါ့ဗျာ။ မြစ်ဆုံကိစ္စက သမ္မတကြီးက သူ့လက်ထက်မှာ ဆက်ပြီးမလုပ်ဘူးလို့ ပြောတယ်။ နောက် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒါကို လုပ်သင့်မလုပ်သင့် ပြည်သူကိုချပြပြီးမှ လုပ်မယ်လို့ ပြောတယ်။ ဘာမှ အသေအချာဆုံးဖြတ်ထားတာမရှိသေးဘူး။ ဒါကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးဖို့တင်ပြတာပါ။ မြစ်ဆုံကိစ္စကတော့ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တယ်။ ဒါကို လုံးဝမလုပ်လေ ကောင်းလေပါ၊ ကချင်ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ပါဘူး။ ကျွန်တော်တို့ တစ်နိုင်ငံလုံး ဒုက္ခရောက်မယ့် ကိစ္စပါ။ NCA ဆွေးနွေးပွဲမှာ ပါတီ ၉၀ ကျော်ရှိရာ ၁၆ ဦးဆိုတော့ အလွန်နည်းနေတယ်။ အဲဒါလေးတွေတင်ပြတာပါ။ ဒီအစိုးရလက်ထက်မှာ ပါတီတွေ လွတ်လွတ်လပ်လပ်လုပ်လို့ရတယ်။ နောက်အစိုးရသစ်က ဘယ်လိုမျိုး အာမခံချက်တွေရှိမလဲ၊ ဒါကို တင်ပြတာပါ။



**ဦးထွယ်အောင်(ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ)**

မတွေ့ရသေးတဲ့ ပါတီတွေ အားလုံးကိုတွေ့ပြီး အမြင်ချင်းဖလှယ်ကြတာ ကောင်းမွန်တယ်လို့ ထင်တယ်။ ကျွန်တော်တို့က စစ်ပွဲတွေနဲ့ပတ်သက်ပြီး ငြိမ်ငြိမ်နေပြီ စစ်ပွဲတွေရပ်ပေးပါ။ ကျွန်တော်တို့ ပါတီတွေအနေနဲ့ တောင်းဆိုတာတွေရှိတယ်။ ငြိမ်းချမ်းရေးကို ပိုပြီးအကောင်အထည်ဖော်ရမယ်လို့ ယူဆတယ်။ ပါတီအနေနဲ့ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေတဲ့ ပါတီဖြစ်ပါတယ်။ တက်လာမယ့် အစိုးရကလည်း ဖက်ဒရယ် ပြည်ထောင်စုကို အကောင်အထည်ဖော်မယ်ဆိုတာ ကတိတည်စေချင်တယ်။ အမှန်တကယ်လည်း အကောင်အထည်ဖော်မယ်လို့ ယုံကြည်တယ်။

**ဆလိုင်းလျှံမှုန်း**
**(ချင်းအမျိုးသားတပ်ဦး)**



ဒီဆွေးနွေးပွဲမှာ နိုင်ငံရေးပါတီအများအပြားက ငြိမ်းချမ်းရေးဖြစ်စဉ်အရေးကြီးတယ်ဆိုတာ ဆွေးနွေးသွားတော့ ဝမ်းသာစရာပါ။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အားလုံးလက်မှတ် မထိုးနိုင်တဲ့အပေါ် အားလုံးလက်မှတ်ထိုးနိုင်ဖို့ တိုက်တွန်းပြောကြားသွားတာ ဝမ်းသာတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အားလုံးပါဝင်မှုလည်း ဖြစ်မှာပါ။ လက်မှတ်မထိုးနိုင်သေးတဲ့ အဖွဲ့တွေ အားလုံးကလည်း NCA ကို မကြိုက်လို့ မဟုတ်ပါဘူး။ NCA စာချုပ်ဆိုတာ အားလုံးသဘောတူရေးဆွဲထားတဲ့ စာချုပ်ပါ၊ ဒါပေမယ့် အခြေအနေ အမျိုးမျိုးကြောင့် လက်မှတ်မထိုးနိုင်သေးတာပဲ ဖြစ်တယ်။ သူတို့အားလုံး ပါဝင်လာရေးကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက်တက်လာမယ့် အစိုးရကလည်း ဒီဖြစ်စဉ်မှာ တစ်တပ်တစ်အား ပါဝင်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရင်ကြားစေ့ရေးကို ဆက်လုပ်မယ်ဆိုတော့ ဒါဟာ တိုင်းပြည်မှာ အလိုအပ်ဆုံးမူနဲ့ ပေါ်လစီဖြစ်ပါတယ်။

**ဦးအောင်မိုးဇော် (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)**

သမ္မတကြီး အုပ်ချုပ်သွားတဲ့ ငါးနှစ်သက်တမ်းမှာ ငြိမ်းချမ်းရေးလို ကိစ္စမျိုး၊ အသွင်ကူးပြောင်း



ရေးကိစ္စမျိုးတွေကို အစပြုတယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် ရှေ့ကို ဆက်ပြီးသွားဖို့ကတော့ တစ်စုံတစ်ရာတန့်နေတယ်လို့ ထင်တယ်။ ယနေ့ကာလမှာ ကျောင်းသားပဲဖြစ်ဖြစ်၊ နိုင်ငံရေး အကျဉ်းသားပဲဖြစ်ဖြစ် အကျဉ်းထောင်တွေထဲမှာ မရှိသင့်တော့ဘူး။ သမ္မတကြီးအနေနဲ့ တာဝန်ယူနေတဲ့ကာလမှာ အမြန်ဆုံးဆောင်ရွက်ပေးဖို့ ဒီနေ့တင်ပြခဲ့ပါတယ်။

# ငါးသိုင်းချောင်းမြို့အနီး ဝေနံမြစ်ကမ်းပါးများ ဆက်လက်အက်ကွဲပြိုကျလျက်ရှိ

**ငါးသိုင်းချောင်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ကွင်းလျားကျေးရွာအုပ်စု ငါးရာကျော်ကျေးရွာရှိ ဝေနံမြစ်ကမ်းပါးများမှာ ယခုအချိန်အထိ ဆက်လက်အက်ကွဲပြိုကျလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ မြစ်ကမ်းပါး အက်ကွဲနိမ့်ဆင်းလာမှုသည် နိုဝင်ဘာ ၈ ရက်ကတည်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဝေနံမြစ်ကမ်းပါးအနီး နေထိုင်သော ကျေးရွာမှ နေအိမ်လေးလုံးနှင့် မိသားစုဝင် ၁၉ ဦးကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက ဒေသခံရွာသူရွာသားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ရေဘေးလွတ်ရာသို့ အချိန်မီ ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ယင်းမြစ်ကမ်းပါး ပြိုကျမှုနှင့် ပတ်သက်ပြီး ကွင်းလျားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ဦးက ယခင်နှစ်များအတွင်း မြစ်ရေကြီးမှု ဖြစ်ပွားခဲ့သော်လည်း ယခုကဲ့သို့ နေအိမ်ရှိရာနေရာများတွင် ကမ်းပါးပြိုကျမှုမရှိခဲ့ကြောင်း၊ အခြားမြစ်ကမ်းပါးနေရာများတွင်သာ ထိုသို့ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ယခုနှစ်တွင် ဝေနံမြစ်ရေသည် ထူးခြားစွာ သုံးကြိမ်ဆက်တိုက် မြင့်တက်ခဲ့ပြီး မြစ်ရေပြန်လည်ကျဆင်းသွားချိန်တွင် ထိုကဲ့သို့ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကျေးရွာပြည်သူများ အချိန်မီ သတင်းပို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့မှုကြောင့် အသက်အန္တရာယ်ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ဝေနံမြစ်ကမ်းပါးပြိုကျမှုအခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး သက်ဆိုင်ရာသို့ တင်ပြထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်-မြိတ်လမ်းကို ကြည့်ရှုစစ်ဆေးရာ ရွှေသံလွင်ကုမ္ပဏီက BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပဲခူး-ဘုရားကြီး-စစ်တောင်း-မုပ္ပလင်-ကျိုက်ထို-သထုံ- မော်လမြိုင် လမ်းတစ်လျှောက် လမ်း/တံတားလုပ်ငန်းများ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လမ်းအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ လမ်း/တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှုများ စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးအဖွဲ့(၁)နှင့် အဖွဲ့(၄)တို့က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေး၊ စီမံကိန်းလုပ်ငန်းပြီးစီးမှု၊ ပင်မတံတားတိုင် မော်လမြိုင်ဘက်ခြမ်း ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် ချောင်းဆုံဘက်ကမ်း ဘိုးပိုင်လုပ်ငန်းများပြီးစီးမှု၊ ရေလယ်တိုင်များအတွက် ဘိုးပိုင်လုပ်ငန်းများပြီးစီးမှု၊ သံလွင်တံတား(ချောင်းဆုံ)အနီး ၆၆ ကေဗွီဓာတ်အားလိုင်း သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနမိသားစုများ၏ မဟာဘုံကထိန် အလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာန မိသားစုများ၏ ပဌမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာ ခန်းမ၌ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အနော် ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် မြတ်အား ဆီမီး၊ သောက်တော် ရေချမ်း၊ သစ်သီးနှင့်မြသပိတ်ဆွမ်း တို့ကို ကပ်လှူပူဇော်သည်။

ဆက်လက်၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ ဌာနမိသားစုများ၏ ပဌမအကြိမ်မဟာ ဘုံကထိန် အလှူတော်မင်္ဂလာအခမ်း အနားကို ကျင်းပရာ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာ ဘိဝံသ အမှူးပြုသော သံဃာတော် ၇၂ ပါး ကြွရောက်ချီးမြှင့်တော်မူကြ ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ် ကြီး စိန်ဝင်းနှင့်ဇနီး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ပူးတွဲ တာဝန်ကာကွယ် ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိ ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

ယင်းနောက် မဟာဝိဇိတာရုံ ဆရာတော်ကြီးထံမှ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် ပရိတ်တရား တော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်ဇနီးတို့က မဟာ ဝိဇိတာရုံ ဆရာတော်ကြီးထံ ကထိန် လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရေဆင်း ကန်ဦးဆရာတော်ထံသို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊ နယ်စပ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးနှင့် ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မှ အရာရှိကြီးများက သံဃာတော် အရှင်သူမြတ်တို့ထံသို့လည်းကောင်း သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာဝိဇိတာရုံဆရာ တော်ကြီးထံမှ တပ်မတော်ကာကွယ် ရေး ဦးစီးချုပ် အမှူးပြုသော ဧည့်ပရိ သတ်များက ကထိန်အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစု အတွက် ရေစက်သွန်းချအမျှပေးဝေ ကြသည်။

အခမ်းအနားအပြီးတွင် သံဃာ တော်အရှင်သူမြတ်တို့အား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့် ဧည့် ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယနေ့ကျင်းပသော ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)ရုံး/ ဌာန မိသားစုများ၏ ပဌမအကြိမ် မိသားစုမဟာဘုံကထိန် အလှူတော် မင်္ဂလာအခမ်းအနားတွင် ရုံး/ဌာန များမှ ပဒေသာပင်စုစုပေါင်း အခု ၈၀၊ တန်ဖိုးငွေကျပ် ၆၅၂ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရှိရ သည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။** (မြဝတီ)



**ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာန မိသားစုများ၏ ပဌမအကြိမ် မဟာ ဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ပဒေသာပင်များ လှည့်လည်စဉ်။** (မြဝတီ)

---

***❖ ကျောဖုံးမှ***

၂၆ လမ်းဆုံတို့၌ တပ်ဆင်ပေးသွား မည်ဖြစ်သည်။

တပ်ဆင်မည့်စနစ်သည် ဩစ တြေးလျနိုင်ငံသုံး SCATS (Sydney Coordinate Adaptive Traffic System) စနစ်ဖြစ်ပြီး ယင်းစနစ်ကို ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံမြို့ကြီးများ အပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် လက်ရှိ အသုံးပြုနေသည့် စနစ်တစ်ခုဖြစ် ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ပညာပေးရေး နှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

ယခင် မီးပွိုင့်များ၌ အသုံးပြု နေသည့် ကိန်းသေအချိန် (Setting Time) မဟုတ်ဘဲ ယာဉ်ကြောတွင် မော်တော်ယာဉ်ရှိမရှိကို ကတ္တရာလမ်း အတွင်း ဖောက်ထွင်း တပ်ဆင်ထား သည့် Inductive loop Sensor များမှ အာရုံခံကာ ယာဉ်ကြောရှင်း သည့်ဘက်၌ အချိန်လျှော့ပေး ခြင်း၊ ယာဉ်ကြောကြပ်သည့်ဘက် တွင် အချိန်ပိုပေးခြင်းတို့ကို အလို အလျောက် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အဆိုပါ စနစ်တပ်ဆင် ထားသည့် မီးပွိုင့်များတွင် CCTV ကင်မရာများတပ်ဆင်ထားပြီး မီးပွိုင့် များနှင့် ဗဟိုထိန်းချုပ်ခန်းတို့ကို Fiber Cable ဖြင့် ချိတ်ဆက်ထား မည်ဖြစ်သည်။ ဗဟိုထိန်းချုပ်ခန်း (Control Room)မှ မီးပွိုင့်များ၏ ယာဉ်ကြောအခြေအနေကို သိရှိနေ မည်ဖြစ်ပြီး လိုအပ်ပါက စီမံခန့်ခွဲနိုင် မည်ဖြစ်ကြောင်း သိရသည်။

ယာဉ်ကြောအကျပ်ဆုံးဖြစ်သည့် ၇၈ လမ်းမကြီးတစ်လျှောက် မီးပွိုင့် သစ်များ တပ်ဆင်ပေးခြင်းနှင့်အတူ လူကူးမျဉ်းကြား မီးပွိုင့်တပ်ဆင်ခြင်း၊ လမ်းညွှန်အမှတ်အသားများ တပ်ဆင် ခြင်း၊ဆေးမျဉ်းများရေးဆွဲခြင်း၊ အကာ အရံ များကာရံခြင်း၊ ယာဉ်ကြောများ ပိုမိုဖော်ထုတ်ခြင်းများကို လုပ် ဆောင် သွားမည်ဖြစ်ပြီး ၂၆ လမ်းမ ကြီး တစ်လျှောက်၊ ၃၅ လမ်းမကြီး တစ်လျှောက်၊ သိပ္ပံလမ်းမကြီး တစ်လျှောက်၊ ၈၄ လမ်းမကြီး တစ် လျှောက်၊ ၆၂ လမ်း လမ်းမကြီးတစ် လျှောက်နှင့် မြို့တွင်းအဓိက လမ်းမ ကြီးများ၌ SCATS စနစ်သုံးမီးပွိုင့် များ ဆက်လက်တပ်ဆင်ပေးသွား မည်ဖြစ်ခြင်းကြောင့် ရှေ့ပြေးစနစ် အဖြစ်ယခုစနစ်သစ်ကို ပြောင်းလဲတပ် ဆင်နေခြင်းဖြစ်ကြောင်းသိရသည်။

မန္တလေးခရိုင်အတွင်း၌ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းများကို နည်းပညာ အကူအညီ ရယူကာ စီစဉ်ညွှန်ကြားမှုများကို ပိုမိုပြောင်းလဲ အသုံးပြုလာပြီးနောက် ယာဉ်မတော် တဆ ထိခိုက်မှုများကျဆင်းလာခဲ့ပြီး ၂၀၁၄ခုနှစ် ဇန်နဝါရီလမှ အောက်တို ဘာလအထိ ယာဉ်မတော်တဆ ဖြစ် ပွားမှု ၃၃၈ မှုတွင် သေဆုံးသူ ၁၄၅ ဦး၊ ဒဏ်ရာရရှိသူ ၃၆၀ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက် တိုဘာလအထိ ယာဉ်မတော်တဆ ဖြစ်ပွားမှု ၂၄၇ မှုတွင် သေဆုံးသူ ၁၃၈ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦး ရှိခဲ့ ရာ နှစ်အလိုက် ကာလတူနှိုင်းယှဉ်ချက် အရ ဖြစ်ပွားမှုနှုန်းများ လျော့နည်း ကျဆင်းလာခဲ့ပြီဖြစ်သည်။

---

## အာဆီယံနိုင်ငံ့ဝန်ထမ်းအားကစားပြိုင်ပွဲ မြန်မာဝန်ထမ်းအားကစားအဖွဲ့ ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက် အထိ ကျင်းပမည့် ပထမအကြိမ် အာဆီယံနိုင်ငံ့ဝန်ထမ်းအားကစား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာဝန်ထမ်းအားကစားအဖွဲ့သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦး ခေါင်းဆောင်၍ မြန်မာအားကစားအဖွဲ့ဝင် ၁၆ ဦး ပါဝင်သော ဂေါက်သီး နှင့်ဘိုးလင်းအားကစားအဖွဲ့တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားလေကြောင်းခရီးစဉ်ဖြင့် ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီး ဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့က ပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**ထစ်ချုန်းမိုး**

နေပြည်တော် နိုဝင်ဘာ ၁၅

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

(မိုး/ဇလ)

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | |
|---|---|---|---|---|---|
| NLD | - | ၂၅၄ | ဦး | = | ၅၇. ၇၃ % |
| USDP | - | ၂၉ | ဦး | = | ၆. ၅၉ % |
| SNLD | - | ၁၃ | ဦး | = | ၂. ၉၅ % |
| ANP | - | ၁၂ | ဦး | = | ၂. ၇၃ % |
| PNO | - | ၃ | ဦး | = | ၀. ၆၈ % |
| TNP | - | ၃ | ဦး | = | ၀. ၆၈ % |
| ZCD | - | ၂ | ဦး | = | ၀. ၄၅ % |
| KSDP | - | ၁ | ဦး | = | ၀. ၂၃ % |
| KDUP | - | ၁ | ဦး | = | ၀. ၂၃ % |
| IC | - | ၁ | ဦး | = | ၀. ၂၃ % |
| L.N.P.P | - | ၁ | ဦး | = | ၀. ၂၃ % |
| WDP | - | ၁ | ဦး | = | ၀. ၂၃ % |
| TNH | - | ၇ | ဦး | = | ၁. ၅၉ % |
| CUP | - | ၂ | ဦး | = | ၀. ၄၅ % |
| DSPC | - | ၁၁၀ | ဦး | = | ၂၅ % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




| | | | | | |
|---|---|---|---|---|---|
| NLD | - | ၁၃၅ | ဦး | = | ၆၀. ၂၆ % |
| USDP | - | ၁၂ | ဦး | = | ၅. ၃၆ % |
| ANP | - | ၁၀ | ဦး | = | ၄. ၄၅ % |
| SNLD | - | ၃ | ဦး | = | ၁. ၃၃ % |
| ZCD | - | ၂ | ဦး | = | ၀. ၉၀ % |
| IC | - | ၂ | ဦး | = | ၀. ၉၀ % |
| TNP | - | ၁ | ဦး | = | ၀. ၄၅ % |
| PNO | - | ၁ | ဦး | = | ၀. ၄၅ % |
| MNP | - | ၁ | ဦး | = | ၀. ၄၅ % |
| DSPC | - | ၅၆ | ဦး | = | ၂၅ % |
| CUP | - | ၁ | ဦး | = | ၀. ၄၅ % |

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**ရှင်းလင်းချက်**

ANP = ရခိုင်အမျိုးသားပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
KDUP = ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ
KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ
L.N.P.P = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)
CUP = Counting Under Process (ရေတွက်ဆဲ)
TNH = Township where could not be held (ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်)

## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၆၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကချင်ပြည်နယ်မဲဆန္ဒနယ် ၃၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




## ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**မှတ်ချက်။** ။ ကျန်တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲရရှိမှုအခြေအနေမှာ ရာနှုန်းပြည့်ကြေညာပြီးဖြစ်၍ နိုဝင်ဘာ ၁၅ ရက် သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ထပ်မံဖော်ပြခြင်း မပြုတော့ပါ။

### ရှင်းလင်းချက်

KSDP - ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
NLD - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
UDPKS - စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
USDP - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
SNLD - ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ANP - ရခိုင်အမျိုးသားပါတီ
L.N.P.P - လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)
T.N.D.P - တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ
IC - Independent Candidate (တစ်သီးပုဂ္ဂလ)
CUP - Counting Under Process (ရေတွက်ဆဲ)

## နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်နေ့ ညနေ ၄ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| ပါတီတံဆိပ် | အနိုင်ရပါတီအမည် | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်(တိုင်းရင်းသားလူမျိုး)လွှတ်တော် |
|---|---|---|---|---|---|
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၄ ဦး | ၁၃၅ ဦး | ၄၇၄ ဦး | ၁၇ ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉ ဦး | ၁၂ ဦး | ၇၂ ဦး | ၂ ဦး |
| | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၂ ဦး | ၂ ဦး | ၂ ဦး | - |
| | "ဝ"ဒီမိုကရက်တစ်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ ဦး | - | ၃ ဦး | - |
| | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၃ ဦး | ၃ ဦး | ၂၅ ဦး | - |
| | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| | မွန်အမျိုးသားပါတီ | - | ၁ ဦး | ၂ ဦး | - |
| | တစ်သီးပုဂ္ဂလ | ၁ ဦး | ၂ ဦး | ၁ ဦး | ၁ ဦး |
| | ရခိုင်အမျိုးသားပါတီ | ၁၂ ဦး | ၁၀ ဦး | ၂၂ ဦး | ၁ ဦး |
| | ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ ဦး | - | ၁ ဦး | - |
| | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ်(စဒက) | - | - | ၁ ဦး | - |
| | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပါတီ | ၃ ဦး | ၁ ဦး | ၆ ဦး | - |
| | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| | ဒီမိုကရက်တစ်ပါတီ(မြန်မာ) | - | - | ၁ ဦး | - |
| | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | - | - | ၁ ဦး | - |
| | "ဝ"အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ | - | - | ၁ ဦး | - |
| | လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၁ ဦး | - | ၁ ဦး | ၁ ဦး |
| | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | - | ၁ ဦး |
| | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(TNDP) | - | - | ၁ ဦး | ၁ ဦး |
| | **စုစုပေါင်း** | **၃၂၀ ဦး** | **၁၆၇ ဦး** | **၆၂၆ ဦး** | **၂၅ ဦး** |

# အနိုင်ရ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၏ မဲရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၃၁၆။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ် | ဦးသက်နောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၆၄ |
| ၃၁၇။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း | ဦးဝမ်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၈၄ |
| ၃၁၈။ | ရခိုင်ပြည်နယ် | မြောက်ဦး | ဦးဦးလှစော | ရခိုင်အမျိုးသားပါတီ | ၆၇၀၃၀ |
| ၃၁၉။ | ရခိုင်ပြည်နယ် | ကျောက်တော် | ဦးဦးထွန်းဝင်း | ရခိုင်အမျိုးသားပါတီ | ၅၅၇၂၅ |
| ၃၂၀။ | ရခိုင်ပြည်နယ် | မင်းပြား | ဦးစစ်နိုင် | ရခိုင်အမျိုးသားပါတီ | ၄၅၀၄၇ |
| ၃၂၁။ | ရခိုင်ပြည်နယ် | မြေပုံ | ဦးဖေသန်း | ရခိုင်အမျိုးသားပါတီ | ၂၅၃၄၅ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၆၄။ | စစ်ကိုင်းတိုင်းဒေသကြီး | အမှတ် (၁၂) | ဦးမင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၉၆၀ |
| ၁၆၅။ | ရခိုင်ပြည်နယ် | အမှတ် (၄) | ဦးကျော်ကျော် | ရခိုင်အမျိုးသားပါတီ | ၆၃၆၇၇ |
| ၁၆၆။ | ရခိုင်ပြည်နယ် | အမှတ် (၅) | ဦးမြင့်နိုင် | ရခိုင်အမျိုးသားပါတီ | ၅၇၄၄၃ |
| ၁၆၇။ | ရခိုင်ပြည်နယ် | အမှတ် (၆) | ဦးအေးသာအောင် | ရခိုင်အမျိုးသားပါတီ | ၇၅၇၅၈ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၆၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ် (၁) | ဦးလော်ယုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၇၂ |
| ၆၁၄။ | စစ်ကိုင်းတိုင်းဒေသကြီး | လဟယ် (၂) | ဦးဆားမူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၉၉၅ |
| ၆၁၅။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း (၁) | ဦးစိမ်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၇၆၈ |
| ၆၁၆။ | စစ်ကိုင်းတိုင်းဒေသကြီး | နန်းယွန်း (၂) | ဦးကေဆိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၇၂ |
| ၆၁၇။ | ရခိုင်ပြည်နယ် | မြောက်ဦး (၁) | ဦးထွန်းသာစိန် | ရခိုင်အမျိုးသားပါတီ | ၃၇၂၃၄ |
| ၆၁၈။ | ရခိုင်ပြည်နယ် | မြောက်ဦး (၂) | ဦးကျော်ဝင်း | ရခိုင်အမျိုးသားပါတီ | ၃၀၇၅၄ |
| ၆၁၉။ | ရခိုင်ပြည်နယ် | ကျောက်တော်(၁) | ဦးမောင်လှကျော် | ရခိုင်အမျိုးသားပါတီ | ၂၅၂၅၂ |
| ၆၂၀။ | ရခိုင်ပြည်နယ် | ကျောက်တော်(၂) | ဦးမောင်သန်းစိန်(ခ) ဦးမောင်မောင် | ရခိုင်အမျိုးသားပါတီ | ၂၉၀၄၇ |
| ၆၂၁။ | ရခိုင်ပြည်နယ် | မင်းပြား (၁) | ဦးလှသိန်းအောင် | ရခိုင်အမျိုးသားပါတီ | ၂၂၆၇၀ |
| ၆၂၂။ | ရခိုင်ပြည်နယ် | မင်းပြား (၂) | ဦးလှအောင်ညွန့် | ရခိုင်အမျိုးသားပါတီ | ၂၀၈၁၅ |
| ၆၂၃။ | ရခိုင်ပြည်နယ် | မြေပုံ (၁) | ဦးအောင်ဝင်း | ရခိုင်အမျိုးသားပါတီ | ၁၃၁၈၀ |
| ၆၂၄။ | ရခိုင်ပြည်နယ် | မြေပုံ (၂) | ဦးမြသန်း | ရခိုင်အမျိုးသားပါတီ | ၁၂၈၄၀ |
| ၆၂၅။ | ရခိုင်ပြည်နယ် | မာန်အောင် (၁) | ဦးသိမ်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၉၃ |
| ၆၂၆။ | ရခိုင်ပြည်နယ် | မာန်အောင် (၂) | ဦးဘိုးနွဲ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၆၂၀ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုး)လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းရင်းသား | အနိုင်ရ(တိုင်းရင်းသားလူမျိုး) လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ရှမ်း | ဒေါ်မွှေးမွှေးခင် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ(T.N.D.P) | ၃၂၉၅၈ |
| ၂၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ချင်း | ဦးလာလ်ထောင်ထန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၉၈၇ |
| ၂၅။ | ရခိုင်ပြည်နယ် | ချင်း | ဦးပုန်ဘွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၁၂ |

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၈၉ / ၂၀၁၅ )**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးသက်နောင် | ၉/ပဥလ(နိုင်) ၀၀၆၃၉၉ | လဟယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဝမ်းလှ | ၅/နယန(နိုင်) ၀၀၄၇၅၇ | နန်းယွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၃) | ဦးဦးလှစော | ၁၁/မဥန(နိုင်) ၀၄၇၁၉၉ | မြောက်ဦး | ရခိုင်အမျိုးသားပါတီ |
| (၄) | ဦးဦးထွန်းဝင်း | ၁၁/ကတန(နိုင်) ၀၇၂၉၇၆ | ကျောက်တော် | ရခိုင်အမျိုးသားပါတီ |
| (၅) | ဦးစစ်နိုင် | ၁၁/မပန(နိုင်) ၀၀၃၉၂၅ | မင်းပြား | ရခိုင်အမျိုးသားပါတီ |
| (၆) | ဦးဖေသန်း | ၁၁/မပတ(နိုင်) ၀၀၇၅၂၁ | မြေပုံ | ရခိုင်အမျိုးသားပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၉၀ / ၂၀၁၅ )**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးမင်းနိုင် | ၅/လရန(နိုင်) ၀၀၃၈၃၃ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၂) | ဦးကျော်ကျော် | ၁၁/မဥန(နိုင်) ၀၀၅၀၈၉ | အမှတ်(၄) | ရခိုင်အမျိုးသားပါတီ |
| (၃) | ဦးမြင့်နိုင် | ၁၁/ကတန(နိုင်) ၀၀၁၇၀၆ | အမှတ်(၅) | ရခိုင်အမျိုးသားပါတီ |
| (၄) | ဦးအေးသာအောင် | ၁၂/ပဇတ(နိုင်) ၀၂၆၃၂၉ | အမှတ်(၆) | ရခိုင်အမျိုးသားပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အမှတ် (၇၇/၂၀၁၅)၏ အမှတ်စဉ် (၅၀)တွင် ဦးစိုင်းထွန်းအောင်၊ ၁၃/ကမန(နိုင်) ၀၆၈၉၈၁၊ ကျောက်မဲ၏ ကိုယ်စားပြုပါတီကို "ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၉၁/၂၀၁၅ )**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၁) | ဦးလော်ယုံ | ၅/ လဟန(နိုင်) ၀၀၂၁၂၀ | လဟယ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးဆားမူ | ၅/ လဟန(နိုင်) ၀၀၀၁၈၄ | လဟယ်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးစိမ်းမောင် | ၅/ နယန(နိုင်) ၀၀၃၅၆၁ | နန်းယွန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကေဆိုင်း | ၅/ နယန(နိုင်) ၀၀၀၄၀၃ | နန်းယွန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်မွှေးမွှေးခင် | ၅/ ကသန(နိုင်) ၀၁၁၇၃၁ | ရှမ်း တိုင်းရင်းသား | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (T.N.D.P) |
| (၆) | ဦးလာလ်ထောင်ထန်း | ၁၂/ အစန(နိုင်) ၀၂၈၀၇၂ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၇) | ဦးထွန်းသာစိန် | ၁၁/ ကတန(နိုင်) ၀၀၂၉၈၇ | မြောက်ဦး(၁) | ရခိုင်အမျိုးသားပါတီ |
| (၈) | ဦးကျော်ဝင်း | ၁၁/ စတန(နိုင်) ၀၃၁၂၃၇ | မြောက်ဦး(၂) | ရခိုင်အမျိုးသားပါတီ |
| (၉) | ဦးမောင်လှကျော် | ၁၁/ စတန(နိုင်) ၀၂၇၅၀၅ | ကျောက်တော်(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၀) | ဦးမောင်သန်းစိန်(ခ) ဦးမောင်မောင် | ၁၁/ ကတန(နိုင်) ၀၃၈၃၆၅ | ကျောက်တော်(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၁) | ဦးလှသိန်းအောင် | ၁၁/ မဥန(နိုင်) ၀၆၆၉၅၇ | မင်းပြား(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၂) | ဦးလှအောင်ညွန့် | ၁၁/ မပန(နိုင်) ၀၀၂၂၈၃ | မင်းပြား(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၃) | ဦးအောင်ဝင်း | ၁၁/ မပတ(နိုင်) ၀၀၂၁၂၁ | မြေပုံ(၁) | ရခိုင်အမျိုးသားပါတီ |
| (၁၄) | ဦးမြသန်း | ၁၁/ မတန(နိုင်) ၀၀၀၈၆၀ | မြေပုံ(၂) | ရခိုင်အမျိုးသားပါတီ |
| (၁၅) | ဦးသိမ်းမောင် | ၁၁/ မအန(နိုင်) ၀၀၇၁၀၀ | မာန်အောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးဘိုးနွဲ့ | ၁၁/ မအန(နိုင်) ၀၀၆၅၅၄ | မာန်အောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးပုန်ဘွေ | ၄/ ပလဝ(နိုင်) ၀၀၃၁၃၅ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲနှင့် မီဒီယာစင်တာ ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲနှင့် မီဒီယာစင်တာ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး မီဒီယာစင်တာ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင် ဦးမြင့်နိုင်တို့ တက်ရောက်၍ ရှင်းလင်းဖြေကြားကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အနိုင်ရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(တိုင်းရင်းသား)လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာပြီး မီဒီယာစင်တာပိတ်သိမ်းကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ကန့်ကွက်လွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းနိုင်ကြောင်း၊ အဆိုပါ ကန့်ကွက်လွှာများကို ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်သကဲ့သို့ ကန့်ကွက်လွှာများကိုလည်း ကော်မရှင်အနေဖြင့် အမှန်အတိုင်း စစ်ဆေးဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ကန့်ကွက်လွှာများကို စစ်ဆေးရန် ခုံရုံးခေါ်မည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး မီဒီယာများ၊ စိတ်ဝင်စားသူများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။



ယနေ့အထိ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးစီးမှုမှာ စုစုပေါင်း ၉၉ ရာခိုင်နှုန်းဖြစ်ပြီး ဆက်လက်ကြေညာ ရန်မှာ ၁ ရာခိုင်နှုန်းသာ ကျန်ရှိကြောင်း၊ ကချင်ပြည်နယ် နောင်မွန်းမြို့နယ်နှင့် ခေါင်လံဖူးမြို့နယ်တို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် လေးဦးနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် လေးဦးသာ ကြေညာရန် ကျန်ရှိကြောင်း၊ ၎င်းတို့ကို နိုဝင်ဘာ ၂၀ ရက်တွင် အပြီးထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# နှစ်(၆၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ်၊ နှစ်(၆၀)ပြည့် ပြည်နယ်နေ့အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးများ FC နှင့် အနုပညာရှင်များ FC ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲကို နိုဝင်ဘာ ၁၃ ရက်က ဘားအံမြို့ အောင်သံလွင် ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ဓဲပုံ)**

အဆိုပါဘောလုံးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း ဦးဆောင်သော ပြည်နယ်ဝန်ကြီးများ FC အသင်းနှင့် အနုပညာရှင်များ FC အသင်းတွင် မင်းသားဖိုးချစ် ဦးဆောင်က ရာဇာနေဝင်း(အသင်းခေါင်းဆောင်)၊ ထွန်းထွန်း၊ နေခွေး(ဂိုး)၊ မိုးယံဇွန်၊ ဝီလျံ၊ ယုန်လေး၊ ဇော်လင်းထွန်း(လက်ရွေးစင်)၊ စောငမန်း(လက်ဝှေ့ချန်ပီယံ)၊ ဂျာကြီး၊ ထူးနိုင် စသည့်အနုပညာရှင်များ ပါဝင်သော အသင်းနှစ်သင်း ယှဉ်ပြိုင်ကြရာ ပထမပိုင်းတွင် ပြည်နယ်ဝန်ကြီးများ FC မှ တစ်ဂိုး၊ အနုပညာရှင်များ FC မှ သုံးဂိုးသွင်းပြီး ဒုတိယပိုင်းတွင် ပြည်နယ်ဝန်ကြီးများ FC မှ တစ်ဂိုးနှင့် အနုပညာရှင်များ FC မှ နှစ်ဂိုး ထပ်မံကန်သွင်းကြရာ အနုပညာရှင်များ FC ဘောလုံးအသင်းမှ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# Miss Asia Myanmar 2015 အလှမယ်အဖြစ် ကချင်တိုင်းရင်းသူရွေးချယ်ခံရ

**မေဦးမိုး**

**ငွေဆောင် နိုဝင်ဘာ ၁၅**



အာရှဒေသတွင်းနိုင်ငံများမှအလှမယ်များ ချစ်ခင်ရင်းနှီးမှုနှင့် အောင်မြင်သည့် ယဉ်ကျေးမှု၊ အနုသုခုမဆိုင်ရာများ ပေါင်းစပ်ခြင်း အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပသည့် Miss Asia 2015 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် Miss Asia Myanmar 2015 အလှမယ်ရွေးချယ်ပွဲကို နိုဝင်ဘာ ၁၄ ရက် ည ၁၀ နာရီက ငွေဆောင်ကမ်းခြေ Sunny Paradise ၌ ရွေးချယ်ပေး ခဲ့ပြီး ကချင်တိုင်းရင်းသူ ဂျာဆိုင်းအိန်ကရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အလှမယ် ဂျာဆိုင်းအိန်နှင့်အတူ 1st Runner အဖြစ် Alice Ong ကလည်းကောင်း၊ Photogenic အဖြစ် ခင်အင်ကြင်းကျော်ကလည်းကောင်း၊ Popular ဆုကို သဲနန္ဒာစိုးကလည်းကောင်း၊ Best Body ဆုကို ဂျာဆိုင်းအိန်ကလည်းကောင်း အသီးသီးရရှိခဲ့သည်။

အလှမယ်များအနက် Miss Asia Myanmar 2015 အလှမယ် ဂျာဆိုင်းအိန်နှင့် 1st Runner အလှမယ် Alice Ong တို့မှာ လာမည့်လအတွင်း ဟောင်ကောင်၌ကျင်းပမည့် Miss Asia 2015 ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အလှမယ်များကို ပြီးခဲ့သည့်ရက်များအတွင်း အဆင့်ဆင့်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဆန်ခါတင် ၁၀ ဦးအား ငွေဆောင်သို့ ခေါ်ယူယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

# ပြင်သစ်နိုင်ငံပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် စုံစမ်းစစ်ဆေးမှုများကို နယ်စပ်ဖြတ်ကျော်ဒေသများပါမကျန် ပြုလုပ်လျက်ရှိ

**ပါရီ နိုဝင်ဘာ ၁၅**

ပြင်သစ်နိုင်ငံပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် စုံစမ်းစစ်ဆေးမှုများကို နယ်စပ်ဖြတ်ကျော် ဒေသများပါမကျန် ပြုလုပ်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်က ဘယ်လ်ဂျီယံတွင် လူသုံးဦးကို ဖမ်းဆီးရမိခဲ့သည်။

ကားတစ်စီးကို အကြမ်းဖက်လုယက်မောင်းနှင်လာသည့် ပြင်သစ်တစ်ဦး အပါအဝင် လူသုံးဦးကို ဘယ်လ်ဂျီယံရဲများက ပြင်သစ်နယ်စပ်အနီးတွင် ဖမ်းဆီးခဲ့သည်။

ပြင်သစ်နိုင်ငံအစိုးရရှေ့နေများက အကြမ်းဖက်တိုက်ခိုက်မှုတွင် သေဆုံးသွားသော သံသယဖြစ်ဖွယ်လူတစ်ဦး၏ ရုပ်အလောင်းနားတွင် ဆီးရီးယားနိုင်ငံကူးလက်မှတ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း ဆိုသည်။

ဂရိဝန်ကြီးတစ်ဦးက သံသယဖြစ်ဖွယ်သေဆုံးသူမှာ ၎င်း၏နိုင်ငံတွင် လွန်ခဲ့သည့်လက ဒုက္ခသည်တစ်ဦးအဖြစ် လျှောက်ထားပြီး ခရီးသွားခဲ့သူဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ပြင်သစ်အစိုးရရှေ့နေများက အကြမ်းဖက်တိုက်ခိုက်မှုကို နယ်စပ်ဖြတ်ကျော်အဖွဲ့များက ပြုလုပ်နိုင်ကြောင်း သံသယရှိခဲ့သည်။

လွန်ခဲ့သော နိုဝင်ဘာ ၁၃ရက်ညနေက လက်နက်ကိုင်ဆောင်သူများသည် ပါရီမြို့တော်ရှိ ကပွဲခန်းမတစ်ခု၌ ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး ဗုံးများကို ဖောက်ခွဲခဲ့သည်။ ပါရီမြို့ရှိစားသောက်ဆိုင်များနှင့် ကဖေးဆိုင်များတွင်လည်း လက်နက်ကိုင်လူများက ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။ မြို့ပြင်ရှိ ဘောလုံးကွင်းတွင်လည်း အသေခံဗုံးခွဲသူများက ဖောက်ခွဲမှုများပြုလုပ်ခဲ့သည်။ ယင်းအကြမ်းဖက်လုပ်ရပ်များကြောင့် လူပေါင်း ၁၂၉ ဦးသေဆုံးခဲ့ပြီး ၃၅၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုသည် အိုင်အက်စ်များ၏လက်ချက်ဖြစ်နိုင်ကြောင်း အွန်လိုင်းဖော်ပြချက်တစ်ခုတွင်ဖော်ပြသည်။ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်ရာတွင် ပြင်သစ်က ပါဝင်ခဲ့သည့်အတွက် လက်စားချေသည့်အနေဖြင့် အိုင်အက်စ်တို့က ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်ခြင်းဖြစ်ကြောင်း ယင်းဖော်ပြချက်တွင် ဖော်ပြပါရှိသည်။

မိနစ် ၃၀ အတွင်း သံသယရှိသူများက အကြမ်းဖက်မှုများကို စုစုပေါင်း နေရာရှစ်ခုတွင် ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ခုနစ်ဦးမှာ အသေခံဗုံးဖောက်ခွဲမှုများကြောင့် လည်းကောင်း၊ ရဲများ၏ပစ်ခတ်ခြင်းကြောင့်လည်းကောင်း သေဆုံးခဲ့ကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်တွင် ကားနှစ်စီးကို အသုံးပြုခဲ့ကြောင်း ပြင်သစ်နိုင်ငံမှ အကြီးတန်းအစိုးရရှေ့နေတစ်ဦးက နိုဝင်ဘာ ၁၄ရက်က ပြောခဲ့သည်။

အစိုးရရှေ့နေများက သံသယရှိသူတစ်ဦးကို အသက် ၂၉ နှစ်ရှိ ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် တူ၊ မတူ သိရှိရန် လက်ဗွေပုံစံစစ်ဆေးနေကြောင်းသိရသည်။ ယင်းသံသယဖြစ်ဖွယ် နိုင်ငံသား၏အိမ်ကို ဝင်ရောက်စီးနင်းပြီး အိမ်သားများကို မေးခွန်းများစစ်မေးရန် ခေါ်ဆောင်သွားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



၂၀၁၅ နိုဝင်ဘာ ၁၄ ရက် ပြင်သစ်အကြမ်းဖက်မှုတွင် သေဆုံးသွားသူများအတွက် ဝမ်းနည်းဖွယ်အထိမ်းအမှတ်ကို ကမ္ဘာတစ်ဝန်းတွင် ကျင်းပစဉ်။



# အိုင်အက်စ်တို့အားချေမှုန်းရန် ကမ္ဘာ့တပ်အင်အားတိုးချဲ့ရန်စီစဉ်

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

ပါရီမြို့တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အိုင်အက်စ်တို့အား ချေမှုန်းရန် ကမ္ဘာ့တပ်အင်အားကို တိုးချဲ့တည်ဆောက်သွားရန် အမေရိကန်က ပြောကြားလိုက်သည်။

အမေရိကန်ဦးဆောင်၍ အိုင်အက်စ်တို့ကို လေကြောင်းမှတိုက်ခိုက်လျက်ရှိရာ အောင်မြင်မှုမရှိဘဲ ကမ္ဘာတစ်ဝန်း ခြိမ်းခြောက်မှုများ မြင့်တက်လာလျက်ရှိသည်။

ဝါရှင်တန်အနေဖြင့် အီရတ်နှင့်ဆီးရီးယားတို့ရှိ အိုင်အက်စ်တို့အား ချေမှုန်းတိုက်ခိုက်ရာတွင် ဥရောပနှင့် အာရပ်မဟာမိတ်များနှင့်အတူ တပ်အင်အားတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောသည်။

ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နိုင်ငံတွင် သွေးထွက်သံယိုမှုအကြီးဆုံးဖြစ်သည့် လူပေါင်း ၁၂၉ ဦးသေဆုံးခဲ့ရသော ပါရီမြို့ သောကြာနေ့တိုက်ခိုက်မှုသည် အိုင်အက်စ်တို့က ယင်းတို့လက်ချက်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွန်ခဲ့သော နှစ်ပတ်ကလည်း အိုင်အက်စ်တို့သည် အဓိကတိုက်ခိုက်မှုကြီးများ ပြုလုပ်ခဲ့ကြသည်ဟုဆိုသည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင်လူပေါင်း ၄၃ ဦး သေဆုံးခဲ့ရသည့် ဗုံးနှစ်လုံးတိုက်ခိုက်မှုနှင့် အီဂျစ်ဆိုင်းနိုင်းကျွန်းဆွယ်တွင် ရုရှားခရီးသည်လေယာဉ်လူပေါင်း ၂၂၄ ဦးသေဆုံးခဲ့ရသော ဗုံးထောင်တိုက်ခိုက်မှုများမှာလည်း အိုင်အက်စ်တို့၏ တိုက်ခိုက်မှုများဖြစ်သည်ဟု ဆိုသည်။

**(ရိုက်တာ)**

# မြောက်ကိုရီးယားဒုံးပျံစမ်းသပ်ရန် ပြင်ဆင်နေဖွယ်ရှိ သင်္ဘောများမဖြတ်သန်းရဖို့အဖြစ် သတိမှတ်ကြေညာ

**ဆိုးလ် နိုဝင်ဘာ ၁၅**

မြောက်ကိုရီးယားအနေဖြင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရန် ပြင်ဆင်လျက်ရှိရာ အရှေ့ပိုင်းကမ်းရိုးတန်းတွင် သင်္ဘောများဖြတ်သန်းသွားလာခြင်း မပြုရဖို့ကို ကြေညာလိုက်ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက တနင်္ဂနွေနေ့၌ သတင်းတွင်ဖော်ပြသည်။ အဆိုပါသတိပေးကြေညာချက်သည် မြောက်ကိုရီးယားအလယ်ပိုင်း ကမ်းရိုးတန်းကမ်းလွန်သို့ နိုဝင်ဘာ ၁၁ ရက်မှဒီဇင်ဘာ ၈ ရက်အထိ သင်္ဘောများဖြတ်သန်းသွားလာမှုမပြုရဖို့အဖြစ် သတ်မှတ်ကြေညာလိုက်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ၎င်း သတင်းအေဂျင်စီက ဖော်ပြသည်။

“ကျွန်တော်တို့အနေနဲ့ မြောက်ကိုရီးယားရဲ့ စကတ်ဒုံးကျည် သို့မဟုတ် တိုက်ချင်းပစ်ဒုံးပျံသစ်စမ်းသပ်မှုကို စောင့်ကြည့်နေပါတယ်”ဟု ယင်းတာဝန်ရှိသူက ယွန်ဟတ်သို့ပြောသည်။ စကတ်ဒုံးကျည်သည် တာတိုပစ်ဒုံးကျည်ဖြစ်ပြီး မူလကဆိုဗီယက်ပြည်ထောင်စုက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနကလည်း မဖြတ်သန်းရဖို့ ကြေညာမှုအပေါ် အတည်ပြုပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း မိသားစုခြံဝင်းတည်ရှိရာ ဝန်ဆန်းဆိပ်ကမ်းမြို့အနီးတွင်လည်း တားမြစ်ပိတ်ပင်မှုများ ပြုလုပ်ထားသည်ဟု မီဒီယာများကဖော်ပြသည်။

**(ရိုက်တာ)**



## ဂျပန်နှင့် ဩစတြေးလျတို့ အကြမ်းဖက်မှုများကို ဖြိုခွင်းရန် နိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်

**တိုကျို နိုဝင်ဘာ ၁၅**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူးလ်တို့က အကြမ်းဖက်မှုများကို နှိမ်နင်းဖြိုခွင်းရန် နိုင်ငံတကာအဖွဲ့များနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဂျီ ၂၀ အစည်းအဝေးတွင် ယင်းကိစ္စကို ဆွေးနွေးအဖြေရှာရန် ၎င်းတို့နှစ်ဦးက သဘောတူညီခဲ့ကြသည်။ တူရကီအပန်းဖြေမြို့တော် အန်တယ်ရာတွင် တနင်္ဂနွေနေ့ ကျင်းပမည့် ဂျီ ၂၀ အစည်းအဝေးမတိုင်မီ ထိုခေါင်းဆောင်နှစ်ဦးက နိုဝင်ဘာ ၁၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ပါရီတိုက်ခိုက်မှုက ဂျပန်နှင့်ဩစတြေးလျတို့၏ အကြမ်းဖက်တိုက်ခိုက်ရန် ပူးပေါင်းဆောင်ရွက်မှုကို စိန်ခေါ်ရာရောက်ကြောင်း ဂျပန်ဝန်ကြီးချုပ်အာဘေးက ပြောခဲ့သည်။ ထို့အပြင် အကြမ်းဖက်တိုက်ခိုက်မှုများကို နှိမ်နင်းရန် နိုင်ငံတကာပေါင်းစုအားသည် ညီညွတ်ရန်လိုကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ပြင်သစ်နိုင်ငံတစ်ခုတည်းကို ရည်ရွယ်ခြင်းမဟုတ်ကြောင်း လွတ်လပ်ခြင်းကို မြတ်နိုးသူအားလုံးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်ကပြောခဲ့သည်။ ထို့အပြင် ဩစတြေးလျနိုင်ငံသည် အကြမ်းဖက်မှုများကို တိုက်ဖျက်နှိမ်နင်းရန် ပြင်သစ်၏ရပ်တည်ချက်ကို ထောက်ခံကြောင်း၎င်းက ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ရေးဘူတာမှ ထားဝယ်ဘူတာသို့ မောင်းနှင်လာသော အမှတ်(၁၇၅)အဆန် လူစီးရထား လမ်းချော်မှုဖြစ်ပွား

**မော်လမြိုင် နိုဝင်ဘာ ၁၅**

ရေးဘူတာမှ ထားဝယ်ဘူတာသို့ မောင်းနှင်လာသော အမှတ်(၁၇၅) အဆန် ရေး-ထားဝယ် အမြန်လူစီးရထားမှာ နိုဝင်ဘာ ၁၅ ရက်က လမ်းချော်မှု ဖြစ်ပွားခဲ့သည့်အတွက် ထပ်မံဖြစ်ပွားမှု မရှိစေရေးအတွက် စုံစမ်းဖော်ထုတ်ကာ ပြည်သူများ ဘေးကင်းစွာ သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ သိရသည်။

ရေးဘူတာမှ စက်ခေါင်းမောင်း ဦးတင့်လွင်နှင့် ရထားထိန်း ဦးတင်ထွန်းတို့ လိုက်ပါတာဝန်ထမ်းဆောင်လာသည့် အဆိုပါ အမြန်လူစီးရထားသည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က ရေဖြူမြို့နယ် ပေါက်ပင်ကွင်းဘူတာနှင့် နတ်စင်ကြီး ဘူတာအကြား ရထားလမ်းမိုင်တိုင်အမှတ် ၂၈၅/၁၅ မှ ၁၆ အကြားတွင် ရထားထိန်းဘရိတ်တွဲသည် ဘီးအမှတ်(၃-၄) သံလမ်းအတွင်းသို့ ကပ်လျက်ကျသွားခဲ့ပြီး ဘီးအမှတ်(၅-၆)မှာ သံလမ်းအပြင်သို့ ကျသွားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ရေး-ထားဝယ် ရထားလမ်းတွင် ယခုကဲ့သို့ ရထားဘီးချော်မှုဖြစ်ပွားခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း ပထမအကြိမ် ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

ရထားလမ်းချော်သည့်အတွက် ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ပွားသော်လည်း မီးရထားနှင့်လမ်းများ အနည်းငယ်ပျက်စီးခဲ့သဖြင့် မီးရထားဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုပြင်ခဲ့ကြပြီး ဖြစ်ပွားရာနေရာမှ ၄ နာရီခွဲခန့် နောက်ကျကာ မြိတ်သို့ ဆက်လက်ထွက်ခွာလာရာ ည ၁၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရထားလမ်း လမ်းချော်မှုမျိုးသည် ရထားချွတ်ယွင်းခြင်း၊ သံလမ်းချွတ်ယွင်းခြင်းနှင့် တန်ပိုသယ်ဆောင်မှုများကြောင့် ဖြစ်ပွားလေ့ရှိသဖြင့် ယခု လမ်းချော်မှုမှာ မည်သည့်အကြောင်းကြောင့် ဖြစ်သည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(လ/ဝ၁၂)**



# DJ ခန်းမအတွင်း ဝိုင်ယာရှော့ဖြစ်၍ မီးလောင် မီးခိုးများရှူရှိုက်မိသူ မွန်းကျပ်သေဆုံး

**မကွေး နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့ အောင်မေတ္တာ(က) ရပ်ကွက် ၁၆ လမ်းရှိ ဧရာဝတီ စားသောက်ဆိုင်၌ နိုဝင်ဘာ ၁၄ ရက် ည ၉ နာရီက မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဧရာဝတီ စားသောက်ဆိုင်ဝင်း ရှေ့ဘက်ရှိ အလျား ပေ ၈၀၊ အနံ ပေ ၄၀၊ အမြင့် ၁၅ ပေ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ အာရ်စီတစ်ထပ် အုတ်တိုက် DJ ခန်းမအတွင်း အသံထိန်းရန်ပြုလုပ်ထားသော ရေမြှုပ် အတွင်း အအေးပေးစက်(အဲကွန်း) ပလပ်ခုံအထိုင်မှ ပလပ်ထိုးရာ



ချောင်နေသဖြင့် (Partipal Disconnection) လျှပ်စစ်ဆက်သွယ်မှု တစ်စိတ်တစ်ပိုင်း ပြတ်တောက်ခြင်း ဖြစ်ကာ အပူဖြစ်ပေါ်ပြီး ရေမြှုပ်များသို့ ကူးစက်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၉ နာရီ မိနစ် ၂၀ က ငြိမ်းသွားခဲ့ရာ မီးလောင်မှုကြောင့် အခန်းအတွင်းရှိပစ္စည်းများနှင့် ငွေကျပ်သိန်းသုံးဆယ်ခန့် ပစ္စည်းများ ဆုံးရှုံးခဲ့ပြီး ကီးဘုတ်ဆရာ ကာကာ(ခ)အောင်မြင့် (၄၀ နှစ်)မှာ အခန်းအတွင်းပိတ်မိပြီး မီးခိုးများ ရှူရှိုက်မိကာ မွန်းကျပ်သေဆုံးသွားခဲ့ကြောင်း သိရသည်။

မီးကို ပေါ့ဆစွာသုံးစွဲခြင်းမှ လူသေဆုံးရခြင်းအတွက် ဧရာဝတီ စားသောက်ဆိုင် မန်နေဂျာ ဦးသန်းဇော်(၄၅ နှစ်)ကို မကွေး နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# နေပြည်တော်၌ ယာဉ်သုံးစီးဆင့်တိုက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ရတနာရွှေဘုံလမ်းရှိ Hello မူကြိုကျောင်းရှေ့၌ နိုဝင်ဘာ ၁၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် တိုက်-၄၃၇၀ ရှေ့ ရတနာရွှေဘုံလမ်းပေါ်တွင် ယာဉ်မောင်း ဦးမျိုးမြင့်အောင် သုခသိဒ္ဓိရပ်ကွက်နေသူ မောင်းနှင်လာသော ဆလွန်းအဖြူရောင် မော်တော်ယာဉ်သည် လမ်း၏ယာဘက်ပလက်ဖောင်းကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိပြီးနောက် လမ်း၏ယာဘက်ခြမ်းတွင် ရပ်ထားသော မစ်ဆူဘီမှန်လုံကားနှင့် နောက်ထပ်မှန်လုံကားတစ်စီးကို နောက်မှ ဝင်ရောက်တိုက်မိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ ကိုချမ်းက ပြောပြသည်။

ယာဉ်တိုက်မှုဖြစ်ပွားစဉ် ယာဉ်မောင်းရှေးခန်းတွင် အရက်ပုလင်းနှင့် အအေးပုလင်းကို တွေ့ရှိရကြောင်း၊ ယာဉ်မောင်း မျိုးမြင့်အောင်မှာ ဒဏ်ရာများရရှိထားသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် အကျယ်ပေ ၆၀ ရှိပြီး ယခင်က ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်း မရှိဖူးကြောင်း သိရသည်။ အမှုဖြစ်ပွားသည့် ယာဉ်ကို အမှတ်-၉ ရဲစခန်း၌ သိမ်းဆည်းထားပြီး ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ထွန်းဦးခိုင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများမှ တိုက်ရိုက်ခင်းကျင်းပြသရောင်းချမည့်

**နေပြည်တော်ကုန်စည်ပြပွဲကြီး**

(3-12-2015) မှ
(7-12-2015)

WINNER PH : 09 517 3076, 09 2500 58306, 09 50 31660,

နေပြည်တော် ဥပ္ပါတသန္တိကွင်း

**ကမ္ဘာ့အေးစွန်းလွန်းဘုံကထိန်**

၁၃၇၇ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၂၆-၁၁-၂၀၁၅ရက်)ကြာသပတေးနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ကမ္ဘာ့အေးစွန်းလွန်းဆရာတော် ဦးဝရ အမှူးရှိသော သံဃာတော်တို့အား ယောဂီများစုပေါင်း၍ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

**ကမ္ဘာ့အေးစွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

**မိဘအမည်မှန်**

နောင်တရားမြို့နယ်၊ အထက(ခွဲ) လွယ်ဗောင်း၊ တက္ကသိုလ်ဝင်တန်းမှ နန်းနုနုထွေး၏ မိဘအမည်မှန်မှာ ဦးလှမောင်-နန်းဟိန်းဖြစ်ပါကြောင်း။

**ဦးလှမောင်-နန်းဟိန်း**

**အမည်ပြောင်း**

ရွှေညောင်မြို့နယ်၊ စဉ့်ဟယ်ထပရ(၂၂၂)မှ ဦးခင်မောင်ဌေး၏သား မောင်ကောင်းဝင့်သူရိန် ၁၃/တကန(နိုင်)၂၁၀၂၃၃ အား ယနေ့မှစ၍ မောင်ကျော်ဌေးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဌေး ၁၃/တကန(နိုင်)၂၁၀၂၃၃**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၇၉၄၈ Toyota Hilux VIGO P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဝင်း ၅/ရဘန(နိုင်)၁၅၁၆၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ (၃၃)ကြိမ်မြောက် သက်ကြီးဆရာဝန်ကြီး/ ဆရာဝန်မကြီးများအား**

**ပူဇော်ကန်တော့ပွဲ**

ရန်ကုန်မြို့တွင်းနေထိုင်ကြသော အသက်(၇၅)နှစ်ပြည့်ပြီးသော သက်ကြီးဆရာဝန်ကြီး၊ ဆရာဝန်မကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ မြန်မာနိုင်ငံဆရာဝန် အသင်း၊ အမျိုးသမီးဆရာဝန်အဖွဲ့မှ ဦးဆောင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသော ဆရာဝန်ကြီး/ဆရာဝန်မကြီးများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ၃၀-၁၁-၂၀၁၅ ရက် နောက်ဆုံးထား၍ (၁)အမည်၊ (၂)မွေးသက္ကရာဇ်၊ (၃)(ဆမ)အမှတ်၊ (၄)ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်ကိုပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ယခင်နှစ်များက ကန်တော့ခံ ဆရာဝန်ကြီး/ဆရာဝန်မကြီးများအနေဖြင့် ထပ်မံစာရင်းပေးပို့ရန်မလိုပါ)

| | | |
|---|---|---|
| ဒေါက်တာခင်မာအေး | ဥက္ကဋ္ဌ၊ အမျိုးသမီးဆရာဝန်အဖွဲ့ | ဖုန်း-၀၉-၇၉၁၇၁၄၃၂၀ |
| ဒေါက်တာဆွေဆွေလှိုင် | အတွင်းရေးမှူး၊ အမျိုးသမီးဆရာဝန်အဖွဲ့ | ဖုန်း-၀၉-၄၂၅၀၁၅၈၈၀ |
| ဒေါက်တာယုယုလွင် | ဘဏ္ဍာရေးမှူး၊ အမျိုးသမီးဆရာဝန်အဖွဲ့ | ဖုန်း-၀၉-၅၁၃၇၅၇၀ |
| မြန်မာနိုင်ငံဆရာဝန်အသင်းရုံး | | ဖုန်း-၀၁-၃၉၄၁၄၁ |
| ရုံးအဖွဲ့မှူး | မြန်မာနိုင်ငံဆရာဝန်အသင်း | ဖုန်း-၀၁-၃၇၈၈၆၃၊ ၃၈၀၈၉၉ |
| အုပ်ချုပ်ရေးမှူး | မြန်မာနိုင်ငံဆရာဝန်အသင်း | ဖုန်း-၀၁-၃၉၄၁၄၁ |

**အမျိုးသမီးဆရာဝန်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)**

**ကျိုက္ကစံရွှေကျင်တိုက်သစ်စာသင်တိုက် (၄၃)ကြိမ်မြောက်**

**ဘုံကထိန်သင်္ကန်းနှင့်စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သဒ္ဓမ္မပဇောတာရုံ၊ ကျိုက္ကစံ ရွှေကျင်တိုက်သစ် ကျောင်းတိုက်ကြီး၏ (၄၃)ကြိမ်မြောက် မဟာဘုံကထိန်ပွဲနှင့်စာချ၊ စာအောင် သံဃာတော်များအား ဆုဆက်ကပ်လှူဒါန်းပူဇော်ပွဲကို (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်) ၂၂-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအမှုဆောင်အဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် လ/၃၇၅၄ Toyota Dyna Bu 60 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၅/စကန(နိုင်)၀၅၈၉၈၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-8623188
09-5195949

# အထူးကျေးဇူးတင်လွှာ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီးအား တည်ငြိမ်အေးချမ်းစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးတွင် အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြပါသော နိုင်ငံတော်သမ္မတ၊ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့်ဝန်ထမ်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့် မီဒီယာများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ရွေးကောက်ပွဲအောင်မြင်စေရေး အထောက်အကူပြုခဲ့ကြသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများသို့ မဲရုံသုံးပစ္စည်းများ၊ မဲလက်မှတ်များနှင့် မဲစာရင်းများအား တပ်မတော်လေယာဉ်/ရေယာဉ်များဖြင့် အချိန်မီကူညီပို့ဆောင်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်သားများ၊ ရွေးကောက်ပွဲရလဒ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးပါသော MRTV၊ MWD၊ SKYNET ရုပ်သံလွှင့်ဌာနများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများ၊ ဌာနများ၊ လူပုဂ္ဂိုလ်များ အားလုံးတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

ဦးတင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

MGY

'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'



သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ရက်(၉ သိန်း)
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာဂျ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ရက်(၁၀ သိန်း)

၁၄/၁၅ ရက် - အောက်တိုဘာ ၁၆ (ပြည့်ပြီး)၊ နိုဝင်ဘာ ၁၁ (ပြည့်ပြီး)၊ ဒီဇင်ဘာ ၉(ပြည့်ပြီး)၊ ၂၇ (ပြည့်ပြီး)၊ ဇန်နဝါရီ ၆(၁၂လို)၊ ဖေဖော်ဝါရီ ၁၀၊ မတ် ၂၊ ဧပြီ ၈။
၁၁/၁၂ရက် - ဇန်နဝါရီ ၂၇ (၁၂ လို)၊ မတ် ၂(၂၀လို)။

ဟိုတယ်(၂)ညအိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်

ခရီးစဉ်တိုင်းတွင် သံဃာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀ိ/-)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး ၃၀%၊ ၅ ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၁၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦးနှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉-၄၉၇၇၇၀၄၅၊ ၀၉-၃၁၁၈၀၀၈၁
www.myatgoneyaung.com လိုင်စင်အမှတ် - ၁ - ၂၀၀၅ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၃၃၀/၂၀၁၅ - ၂၀၁၆(ရက) mgytravel@gmail.com



## ရွှေကြေးစည် မှ ကျိုက်ထီးရိုး(နေ့စဉ် - နံနက်/ည)

▲ တောင်ကြီးမီးပုံးပျံပွဲ (၂ညအိပ်)၊ အင်းလေး၊ ပင်းတယ၊ မွေးတော်ကတ္တူ၊ ထမ့်စမ်းရေ။ ဆက်၍ - (မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ ကျောက်စိမ်းဘုရား)၊ (ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး)။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍ - စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား၊ မုံရွာအနှံ့။ Nov 24, 25, 27
▲ ကျိုက္ခမီ၊ စက်စဲ၊ မော်လမြိုင်၊ နွားလပွိုတောင်။ ဆက်၍ - ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ မြိတ်။
ဖုန်းဆိုးတန်း: 01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09-421029191



## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကင်းမြို့နယ် (MBR 1, BR 2)
အဆင့်မြင့်ပြင်ဆင်ပြီး
(1200 sqft)
Ph : 09-5044926



## ပျောက်ဆုံးကြောင်း

ကျွန်တော်ထွန်းအောင် ၁၂/မဂတ(နိုင်) ၁၀၃၀၄၉၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း - ၀၉-၅၁၇၈၃၃၇


## အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄)

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၅ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ် - ၃၉

ဦးစောရော်ဂျာ နှင့် ဦးတင်လှိုင်
အယူခံတရားလို အယူခံတရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၅၆)(အေ-၄) (စတုတ္ထထပ်)နေ အယူခံတရားပြိုင် ဦးတင်လှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မင်္ဂလာဒုံမြို့နယ် တရားမရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၅ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် - ၄၁၊ နည်းဥပဒေ - ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် - ၄၁၊ နည်းဥပဒေ - ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ခုနှစ် နိုဝင်ဘာ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေမောင်)
ဒုတိယခရိုင်တရားသူကြီး (၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး


## ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
9 - 12:00 (Sat + Sun) 14 Nov
7:30 - 9 (Mon ~ Thurs) 16 Nov
10 - 11:30 (Mon ~ Thurs) 30 Nov

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 16 Nov
10-11:30 (Mon ~ Thurs) 16 Nov
1 - 2:30 (Mon ~ Thurs) 23 Nov
3:30 - 5 (Mon ~ Thurs) 7 Dec
6 - 7:30 (Mon ~ Thurs) 7 Dec

BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 30 Nov
10-11:30 (Mon ~ Thurs) 14 Dec

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 16 Nov
12 - 3:00 (Sat + Sun) 21 Nov
1 - 2:30 (Mon ~ Thurs) 23 Nov
6 - 7:30 (Mon ~ Thurs) 30 Nov

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 16 Nov
3:30 - 5 (Mon ~ Thurs) 7 Dec

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 15 Nov
1 - 2:30 (Mon ~ Thurs) 30 Nov

BASIC WRITING
12 - 3:00 (Sat + Sun) 14 Nov

INTEMEDIATE GRAMMAR
7:30 - 9 (Mon ~ Thurs) 28 Dec

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 21 Nov
7:30 - 9 (Mon ~ Thurs) 7 Dec
10-11:30 (Mon ~ Thurs) 14 Dec

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 16 Nov
7:30-10:30 (Sat + Sun) 21 Nov
10-11:30 (Mon ~ Thurs) 30 Nov
1 - 2:30 (Mon ~ Thurs) 30 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 14 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon ~ Thurs) 16 Nov
7:30 - 9 (Mon ~ Thurs) 30 Nov

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 7 Dec

IELTS (Preparation)
1 - 3:30 (Mon ~ Thurs) 16 Nov
7:30-9:30 (Mon ~ Thurs) 30 Nov

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 21 Dec

IELTS (Speaking)
7:30 - 9 (Mon ~ Thurs) 16 Dec

IELTS (Reading)
1 - 3:00 (Mon ~ Thurs) 30 Nov

IELTS (Grammar)
10-11:30 (Mon ~ Thurs) 23 Nov



အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

# အစာအိမ်ရောဂါ မဖြစ်စေရာ

ကြည်လွင်မြင့် (မုံရွာ)

အစာအိမ်ရောဂါသည် အစားအသောက်မဆင်ခြင်သူများတွင်အဖြစ်များသည်။ တောနေ လူထုထက် မြို့နေလူထုတွင် ပို၍အဖြစ်များသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြို့ကြီးပြကြီးတွင် နေထိုင်ကြသူများသည် အစာကို တစွတ်စွတ်စားသည်။ ထူးဆန်းသောအစာများကို စားသည်။ သဘာဝမဟုတ်သောအစာများကို စားကြသည်။ ထိုသို့စားသောက်ခြင်းကြောင့် အစာမကြေရောဂါနှင့် အစာအိမ်ရောင်ရောဂါများ ဖြစ်လာရသည်။

ရိုးရာမြန်မာ့ဆေးပညာ၏ အယူအဆမှာ အစာအိမ်ရောဂါသည် အပူ၊ အအေးကြောင့်ဖြစ်ရသည်။ အပူတစ်လှည့် အအေးတစ်လှည့် စားသုံးခြင်း၊ အပူစာနှင့် အအေးစာ ရောနှော စားသောက်ခြင်းတို့သည် အစာအိမ်ကို အပြစ်ဖြစ်စေသည်။ အစာအိမ်၏အင်အားဖြစ်သော ဝမ်းမီးကိုပျက်စေသည်ဟု ယူဆသည်။ ဝမ်းမီးပျက်ခြင်းသည် အစာမကြေဖြစ်စေသည်ဟု ယူဆသည်။ ဝမ်းမီးပျက်ခြင်းသည် အစာမကြေဖြစ်စေသည်သာမက ရောဂါအားလုံး၏ အစဟုလည်း ဆိုသည်။ (ရောဂါဟူသမျှ အစာမကြေခြင်းက စသည်။)

အိမ်နီးချင်း အိန္ဒိယနိုင်ငံမှ အခြေခံလာသော အာယုဗေဒဆေးပညာကျမ်းများတွင် အစာအိမ်မှဝမ်းမီးများတွင် 'မန္ဒဝမ်းမီး' ခေါ် အစာကြေအားနည်းသည့် ပျော့သည့်ဝမ်းမီးနှင့် 'တိက္ခဝမ်းမီး' ခေါ် ပြင်းအားများသည့် အစာကြေမှုလွန်ကဲသည့် ဝမ်းမီးနှစ်မျိုးလုံးသည် မကောင်းသောဝမ်းမီးများဖြစ်သည်။ မကြေလျှင်လည်းမကောင်း၊ ကြေလွန်း၍ မကြာခဏ ဆာလောင်နေခြင်းသည်လည်း မကောင်းပေ။

'ဝိသမဝမ်းမီး' ဟုခေါ်သည့် ပုံမှန်မဟုတ်သော၊ ကြေတစ်လှည့်မကြေတစ်လှည့်ဖြစ်နေသော ဝမ်းမီးသည်လည်း မကောင်းပေ။ ထို့ထက်ပိုဆိုးသည်မှာ 'ဘဿမဝမ်းမီး' ခေါ် ပြာကျအောင်လောင်သည့် ဝမ်းမီးမျိုးမှာ အစာအိမ်နံရံကို ပြန်၍လောင်ကျွမ်းသော ဝမ်းမီးမျိုးဖြစ်သည်။ ထိုဝမ်းမီးမျိုးရှိသူမှာ ဒေါသအလွန်ကြီးသူမျိုးဖြစ်သည်။ (စိတ်တိုသည့်သူများအနေဖြင့် အစာအိမ်ရောဂါ၊ အစာအိမ်တွင်အနာပေါက်သော ရောဂါဖြစ်နိုင်သည်ကို သတိပြုသင့်သည်။)



'သမဝမ်းမီး'ခေါ် မျှတသောဝမ်းမီးကို စိတ်အေးချမ်းသာနေထိုင်သူများ၊ တရားထိုင်ယောဂီများ၊ အစာကို အချိန်မှန် အတိအကျစားသောက်သူများ၊ ပူလွန်းသောအစာ၊ အေးလွန်းသောအစာများကိုရှောင်ကြဉ်စားသောက်သူများ၊ စားနေကျမဟုတ်သည့် ထူးဆန်းသော အစားအစာများကို မစားသောက်သူများတွင် တွေ့ရသည်ဟုဆိုသည်။ အထူးသဖြင့် ညနေစာနှင့် ညစာကို မစားသူများသည် အစာအိမ်ကို အနားပေးရာရောက်သဖြင့် ပို၍ဝမ်းမီးကောင်းပြီး ကျန်းမာသည်ဟု ဆိုသည်။

အစာမကြေလျှင်၊ အစာအိမ်ရောင်လျှင် ဆေးနှင့်မကုရ၊ အစာဖြင့်ပင်ကုရမည်ဟုဆိုသည်။ မာသောအစာစားခြင်း၊ အေးစက်သောအစာစားခြင်း၊ အစာများစွာစားခြင်းကို ချက်ချင်းရပ်ပြီး ပျော့သောအစာ၊ နူးညံ့သောအစာ၊ အရည်သောက်အစာကို ပြောင်းလဲစားသောက်ခြင်းဖြင့် အစာအိမ်ရောဂါကို ကုသနိုင်သည်။ ရောဂါပြင်းထန်လျှင် အစာအဖတ်စားခြင်းကို လုံးဝရပ်တန့်ပြီး အရည်သောက်အစာအာဟာရကိုစားသုံးခြင်းဖြင့် အစာအိမ်ကို ပြန်ကောင်းစေနိုင်သည်။ ရေစိမ်းအစားရေကျက်အေးသောက်ခြင်း၊ ထမင်းရည်သောက်ခြင်း၊ ပျားရည်သောက်ခြင်း၊ နွားနို့ပူပူသောက်ခြင်းတို့ဖြင့် သက်သာစေနိုင်သည်။

အစာအိမ်ရောဂါ မဖြစ်စေရန်အတွက်

၁။ အစာကို အချိန်မှန်စားပါ။

၂။ ပူလွန်း၊ စပ်လွန်း၊ အေးလွန်းသော အစာများ ရှောင်ပါ။

၃။ ပူသော အစားစားပြီးနောက် အအေးသောက်ခြင်းကို ရှောင်ပါ။

၄။ မစားသုံးဖူးသော အစာကို မစားပါနှင့်။

၅။ မာလွန်းသောအစာကို များစွာမစားပါနှင့်။

၆။ အေးခဲထားသောအစာကို ပြန်လည်အပူပေးပြီး မစားပါနှင့်။

၇။ အစာစားပြီးလျှင် ထိုင်နေခြင်း၊ လဲလျောင်းခြင်း၊ အိပ်စက်ခြင်းများ မပြုပါနှင့်။

၈။ အိပ်ချိန်နှင့်နီးသော ညဥ့်အခါတွင် စားသောက်ခြင်းကို ရှောင်ကြဉ်ပါ။

အစားအစာကို ချင့်ချိန်၍စားသူများ၊ အချိန်မှန်စားသူများမှာ အစာမကြေရောဂါဖြစ်ခဲသည်။ အစားအစာကို ကြိုက်လျှင်ကြိုက်သလို စားသူများ၊ အချိန်မှန် မစားသူများနှင့် အထူးသဖြင့် ညဥ့်အချိန် အပုပ်ချိန်များတွင် စားသောက်သူများမှာ အစာအိမ်အကျင့်ပျက်၊ ဝမ်းမီးပျက်ပြီး အစာမကြေရောဂါရလာတတ်သည်။

နောက်ဆက်တွဲရောဂါလည်းများစွာရှိသည်။ ထိုရောဂါများထဲမှ ထင်ရှားသောရောဂါများမှာ . . .

၁။ ခေါင်းကိုက်ရောဂါ ၂။ ဝမ်းချုပ်ရောဂါ ၃။ နောက်ကြောတက်ရောဂါ ၄။ လေပွ၊ လေအထက် ဆန်ရောဂါ ၅။ အိပ်မပျော်ရောဂါ အစရှိသော နောက်ဆက်တွဲရောဂါများစွာ ဖြစ်လာနိုင်သည်။

ခေါင်းကိုက်ရောဂါဝေဒနာသည် အလုပ်တစ်ခုကိုအာရုံစိုက်မလုပ်နိုင်သော ရောဂါဖြစ်သဖြင့် အလွန်ဒုက္ခရောက်သည်။ နံနက်အိပ်ရာထ မျက်နှာသစ်ပြီးသည်နှင့် ခေါင်းကိုက်နေသူကို တွေ့ဖူးသည်။ ထိုသူသည် လွန်ခဲ့သောညက ညစာစားပွဲသွားပြီး ညဥ့်နက်သန်းခေါင်ထိအောင် စားခဲ့သောက်ခဲ့သူဖြစ်သည်ကို တွေ့ရှိရသည်။

ညဥ့်အချိန်သည် အစာအိမ်အနားယူရမည့်အချိန်ဖြစ်သည်။ အစာသစ်အိမ်မှ အစာများသည် အကြွမ်းအားဖြင့် ကြေချက်ပြီး၍ အူသိမ် အူသေး၊ အူမများမှ အစာများမှ ရသာရည်ကိုစုပ်ယူပြီး ခန္ဓာကိုယ်အတွက် အာဟာရကို စုဆောင်းချိန်ဖြစ်သည်။ ထိုအချိန်တွင် အစာအိမ်မှ အစာများကို ထပ်မံလက်ခံယူပြီး အူသိမ်အူမများသို့ပို့လျှင် လက်မခံနိုင်တော့ဘဲ အစာမကြေဖြစ်ရသည်။

မကြေညက်သောအစာများ၊ အစေးအချွဲဓာတ်နှင့် ရသာရည်မစုပ်ယူရသေးသော အစာများသည် ဝမ်းအဖြစ်ဖြင့် အူမကြီးအဆုံးရှိ အစာဟောင်းအိမ်သို့ ရောက်ရှိလာသောအခါ ပိတ်ဆို့ပြီး စမျင်းခေါ် ဝမ်းအမာအခဲများဖြစ်လေသည်။ ထိုဝမ်းအမာအစိုင်အခဲများ ရှေ့မှပိတ်ဆို့ထားသဖြင့် နောက်မှရောက်ရှိလာသော ဝမ်းအရည်များမှာလည်း အောက်သို့ ပြင်ပသို့ မသက်ဆင်းနိုင်သောအခါ ဝမ်းအချဉ်ပေါက်ခြင်း၊ အူမကြီးရောင်ခြင်းတို့ ဖြစ်စေနိုင်သည်။

အူမကြီးတွင် ဝမ်းပိတ်ဆို့မှုဖြစ်ခြင်းကြောင့် အောက်သို့စုန်သောလေသည် အထက်သို့ ပြန်လှန်ပြီး လေပွခြင်း၊ လေအောင့်ခြင်းများ ဖြစ်နိုင်သည်။ ဝမ်းချုပ်ပြီး လေများအောင်းခိုခြင်းကြောင့် အူမကြီးများကျယ်ပြီး ဝမ်းဗိုက်ဖောင်းကားလာရသည်။ အချို့သူများတွင် လူဝသည်ထက် ဝမ်းဗိုက်က ပို၍ဖောင်းကားပြီး ပုံပျက်နေသည်ကို တွေ့ရသည်။ ညစာစားခြင်းနှင့်အတူ အရက်နှင့် ဘီယာသောက်သူများတွင် ဝမ်းဗိုက်သည် ပုံပျက်အောင်ဝလာသည်ကို တွေ့ရသည်။ အစာမကြေခြင်းနှင့် လေပွခြင်းကြောင့် အူမကြီးဖောင်းကားလာခြင်းမှ အခြေခံသောရောဂါဖြစ်သည်။

အစာမကြေခြင်းကြောင့် ဝမ်းဗိုက်ဖောင်းပွခြင်းနှင့်အတူ အသည်းအဆီဖုံးခြင်းလည်း ဖြစ်နိုင်သည်။ အစားအစာကို အချင့်အချိန်မရှိစားသူ၊ အဆီနှင့် ကြေခဲသော အကြော်အလှော်စားသူများတွင် အသည်းအဆီဖုံးရောဂါ ဖြစ်နိုင်သည်။ အနောက်တိုင်းဆေးပညာတွင် အဝလွန်သူများတွင် သွေးတိုး၊ နှလုံးရောဂါနှင့်အတူ အသည်းအဆီဖုံးရောဂါ အများဆုံးဖြစ်နိုင်သည်ဟု သတိပေးထားသည်။

မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာတွင် "ရောဂါမူလံ၊ အဇိဏ္ဏကံ"ဟုဆိုသည်။ ရောဂါမှန်သမျှ၏ မူလအရင်းအမြစ်သည် (အဇိဏ္ဏ) အစာမကြေခြင်းမှစသည်ဟုဆိုခြင်းဖြစ်သည်။ အစာကို ကောင်းစွာကြေညက်အောင်ဝါးစားခြင်း၊ သင့်တင့်ရုံသာစား၍ အလွန်အကျွံမစားခြင်း၊ ညနေစာကို လျှော့စားခြင်း၊ ညစာနှင့် ညဥ့်နက်မှစားသော အစာများကို ရှောင်ကြဉ်ခြင်းဖြင့် သက်ရှည်ကျန်းမာ ရောဂါကင်းဝေးနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**အစားအစာကို ချင့်ချိန်၍စားသူများ၊ အချိန်မှန်စားသူများမှာ အစာမကြေရောဂါဖြစ်ခဲသည်။ အစားအစာကို ကြိုက်လျှင် ကြိုက်သလိုစားသူများ၊ အချိန်မှန် မစားသူများနှင့် အထူးသဖြင့် ညဥ့်အချိန် အပုပ်ချိန်များတွင် စားသောက်သူများမှာ အစာအိမ် အကျင့်ပျက်၊ ဝမ်းမီးပျက်ပြီး အစာမကြေရောဂါ ရလာတတ်သည်။ နောက်ဆက်တွဲရောဂါလည်း များစွာရှိသည်။ ထိုရောဂါများထဲမှ ထင်ရှားသောရောဂါများမှာ . . .**

## ထီးလင်းမြို့၌ မျိုးကွဲစပါး မျိုးပယ်ခြင်း စုပေါင်းဆောင်ရွက်

**ထီးလင်း နိုဝင်ဘာ ၁၅**

ထီးလင်းမြို့နယ် ထလင်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော မနောသုခ၊ ဆင်းသုခ၊ ဗီယက်နမ်မျိုးများ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။ အဆိုပါ လယ်မြေများအတွင်း မနောသုခစိုက်ပျိုးသည့် လယ်မြေတွင် ရောနှောနေသည့် ဆင်းသုခ ကောက်နှံများကို ရိတ်သိမ်းခြင်း၊ ဗီယက်နမ်စိုက်သည့် လယ်ကွက်တွင် ရောနှောနေသည့် ကောက်နှံများကို တောင်သူများစုပေါင်း၍ နိုဝင်ဘာ ၁၃ ရက်က ရိတ်သိမ်းထုတ်ပယ်ခဲ့ကြကြောင်း သိရသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူဦးဘချစ်၊ ဦးကျော်ရင်၊ ဦးတာနော၊ ဦးလှညိုတို့ စိုက်ပျိုးထားသော လယ်မြေ ဧက ၃၀ ကို မျိုးသန့်စပါးရရှိရေးအတွက် ကွင်းဆင်း၍ဆောင်ရွက် လျက်ရှိရာ အဆိုပါ မနောသုခ၊ ဆင်းသုခ၊ ဗီယက်နမ်မျိုးများကို မျိုးသန့်အဖြစ်ထုတ်လုပ်ပြီး တောင်သူများထံသို့မျိုးချင်းဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သီးနှံစိုက်တောင်သူများအတွက် ဆောင်းသီးနှံ ချေးငွေထုတ်ချေး

**ရေစကြို နိုဝင်ဘာ ၁၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ဆောင်းရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၀ ရက်က စတင်ခဲ့ပြီး ကျေးရွာအုပ်စု ရှစ်အုပ်စုအတွင်းရှိ အစုအဖွဲ့ ၃၄၂ ဖွဲ့မှ ဘဏ်အဖွဲ့ဝင် ၁၁၀၇ ဦးကို ချေးငွေကျပ်သိန်း ၁၁၆၄ ဒသမ ၂၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

ထုတ်ချေးပေးပြီးသည့် သီးနှံများမှာ နွေစပါး ၄၈၈ ဧက၊ မြေပဲ ၁၃၆၉ ဧက၊ နှမ်း ၂၈၁ ဧက၊ ကုလားပဲ ၁၆၉၉ ဧက၊ ပဲလွမ်း သုံးဧက၊ ပဲပုပ် ၂၉ ဧကဖြစ်၍ စုစုပေါင်း ထုတ်ချေးပေးပြီး သီးနှံဧကပေါင်း ၃၈၆၉ ဧကရှိကြောင်း ရေစကြိုမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

ရေစကြိုမြို့နယ်တွင် ဘဏ်အဖွဲ့ဝင်တောင်သူဦးရေ ၆၀၀၀ ကျော်ခန့်ရှိရာ ကျန်ရှိနေသေးသော ကျေးရွာအုပ်စုများမှ တောင်သူများကိုလည်း ၂၀၁၅ ခုနှစ် ဆောင်းရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်မြတ်များ သထုံတွင် မြို့လုံးကျွတ် စည်ကားစွာပူဇော်

**သထုံ နိုဝင်ဘာ ၁၅**
မွန်ပြည်နယ် သထုံမြို့ ဗူးဘုရားစေတီတော်တွင်ထားရှိသော နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်မြတ်များကို သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဒေသခံများက မိမိတို့နေရာသို့ အစဉ်အလာမပျက် အသင်းအဖွဲ့များအလိုက် စည်ကားစွာပင့်ဆောင်ပူဇော်လျက်ရှိကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်က ၅၄ ဖွဲ့က ပူဇော်ခဲ့ပေမယ့် ဒီနှစ်(၄၁)ကြိမ်မြောက်မှာ အဖွဲ့ ၅၆ ဖွဲ့လောက် ဘုရားပင့်ဖို့ စာရင်းလာပေးထားပြီးပြီ။ တန်ဆောင်မုန်းလဆန်း ၁ ရက်ကစပြီး လာပင့်နေကြတာ ဒီနေ့အထိဆို ခြောက်ဖွဲ့ရှိပါပြီ။ တစ်နှစ်မှာတစ်ကြိမ် တန်ဆောင်မုန်းတစ်လလုံးလိုလို လာပင့်ကြတာပါ”ဟု ဗူးဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက နိုဝင်ဘာ ၁၄ ရက်တွင် ပြောသည်။

ဘုရားပင့်ရာ၌ အဖွဲ့တိုင်းလိုလိုက သူ့ထက်ငါအပြိုင် ပိုမိုစည်ကားစွာပင့်ကြသော်လည်း အပျော်လွန်ပြီး သရုပ်ပျက်မှုများရှိနေကြောင်း၊ ယင်းကြောင့် ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် ဘုရားလာပင့်သောအဖွဲ့တိုင်းကို ဘုရားပင့်သွားသည့် လမ်းတစ်လျှောက်တွင် သရုပ်ပျက်တေးသီချင်းများဖွင့်ခြင်း၊ သောက်စားကခုန်ခြင်းမျိုး မပြုလုပ်ကြရန် မေတ္တာရပ်ခံထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုဝင်ဘာ ၁၄ ရက်တွင် သာရေးနာရေးအသင်းအဖွဲ့ သုံးဖွဲ့တို့က ရုပ်ပွားတော်များကို လာရောက်ပင့်ဆောင်ကြသည်ကို တွေ့ရသည်။ ဘုရားလာပင့်သည့် လိပ်အင်းရပ်ကွက် စက်ပိုင်းအသင်းမှ ကာလသားခေါင်း ဦးမောင်ကံက “ကျွန်တော်တို့အသင်းက နှစ်စဉ်ပူဇော်တာ ငွေရတုတိုင်ခဲ့ပါပြီ။ ရုပ်ပွားတော်တွေကို ငါးရက်အပူဇော်ခံပြီး ညစဉ်လည်း တရားပွဲတွေကျင်းပသွားမှာပါ”ဟု ဆိုသည်။

သထုံမြို့တွင် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်မြတ်များကို နှစ်စဉ်မြို့လုံးကျွတ် စည်ကားစွာပူဇော်ကြပြီး လဆန်း ၁၂ ရက်နှင့် ၁၃ ရက်ညများတွင် အဖွဲ့များအားလုံးစုပေါင်းကာ မြို့အနှံ့ လှည့်လည်အပူဇော်ခံသည်။ ထို့နောက် လဆန်း ၁၄ ရက်မှစတင်ကာ လပြည့်ကျော် ၁ ရက်အထိ မဏ္ဍပ်ပေါင်း ၄၀ ခန့်တွင် စည်ကားစွာပူဇော်ကြကြောင်း ဂေါပကအဖွဲ့မှသိရသည်။

**အောင်သက်ဦး**



# မြိတ်အကျဉ်းထောင်တွင် လွယ်ကူလေ့လာ အဘိဓမ္မာသင်တန်း ဖွင့်လှစ်လျက်ရှိ

**မြိတ် နိုဝင်ဘာ ၁၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် လွယ်ကူလေ့လာ အခြေပြု အဘိဓမ္မာသင်တန်းကို သင်တန်းသား အကျဉ်းသား ၃၀ ဖြင့် ဖွင့်လှစ်လျက်ရှိကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

အဆိုပါ အဘိဓမ္မာသင်တန်းကို စတုတ္ထအကြိမ်မြောက်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကာ မြိတ်မြို့ မင်္ဂလာဘုံကျော်ကျောင်းဆရာတော် ဘဒ္ဒန္တဝါသေဌက သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။ ထို့အတူ နိုဝင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိတွင်လည်း အကျဉ်းသူ ၅၀ အတွက် (၆၅)ကြိမ်မြောက် တရားစခန်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ ဗလပ်စုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဒ္ဒရက တရားစခန်းကို ဦးစီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မြိတ်အကျဉ်းထောင်တွင် အကျဉ်းကျနေသော အကျဉ်းသားများအား အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ လူမှုပတ်ဝန်းကျင်၌ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် တန်းတူညီမျှ လုပ်ကိုင်တတ်စေရန်ရည်ရွယ်၍ အခြေခံ အ(၃)လုံး သင်တန်းအပါအဝင် အသက်မွေးပညာများဖြစ်သည့် ဆံသသင်တန်း၊ အပ်ချုပ်သင်တန်း၊ အခြေခံဆိုင်ကယ်ပြင်နည်းသင်တန်း၊ ရှေးဦးပြုစုနည်းသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကိုးထပ်ကြီးဘုရား၌ မဲဇလီဖူးသုပ်များ လှူမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**
ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်းရှိ ကိုးထပ်ကြီးဘုရားတွင် (၂၅)ကြိမ်မြောက် ဆီမီး ၉၉၉၉ တိုင် ပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ဂေါပကအဖွဲ့က ဦးဆောင်၍ ဘာသာရေးအသင်းအဖွဲ့များစုပေါင်းကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုနေ့တွင် ဘုရားဖူးလာသည့် ဧည့်ပရိသတ်များအား သက်သက်လွတ် မဲဇလီဖူးသုပ်များ ဝေငှလှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဝါဆိုကထိန်အဖွဲ့ကလည်း ဗားကရာကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ကထိန် ပဒေသာပင်များ ကပ်လှူသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးတင်**

# ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဦးစီးဌာနညွှန်ချုပ်အား ပြည်ထဲရေးဒုဝန်ကြီး လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**
ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Zhang Taiyuan ဦးဆောင်သောအဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဧည့်ခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျေးလက်မီးလင်းရေး (ဆိုလာ)လုပ်ငန်းများပြီးစီး

**ပင်းတယ နိုဝင်ဘာ ၁၅**- ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ တပ်ကြီးကျေးရွာနှင့်ကုန်းစောင်းကျေးရွာများ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေး(ဆိုလာ)လုပ်ငန်းပြီးစီးမှုများကို နိုဝင်ဘာ ၁၁ ရက်က တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်နှင့်အဖွဲ့၊ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းအောင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မိုးမိုးထွေး(ပင်းတယ)**

# လိပ်သို-ယာဒို ကတ္တရာလမ်းမ၌ ထပ်ပိုးရေပိတ်လွှာခင်း

**လိပ်သို နိုဝင်ဘာ ၁၅**
ကရင်ပြည်နယ် ဘားအံခရိုင်မှ တောင်ငူ-လိပ်သို-ယာဒို-ကယားပြည်နယ်သွား လမ်းမပေါ်ရှိ လိပ်သို-ယာဒိုလမ်းပိုင်းကို နိုင်ငံတော်ရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးရေပိတ်လွှာခင်းလျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကတ္တရာထပ်ပိုးရေပိတ်လွှာခင်းခြင်းကို လိပ်သို-ယာဒိုလမ်းပိုင်း မိုင်တိုင်(၃၀/၄)နှင့်(၃၀/၅)ကြားတွင် ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးနှင့် အဆိုပါလမ်းပိုင်းသည် တောင်ကြောလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ရေတိုက်စားမှုမှ ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ဆောင်ရွက်မှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ လိပ်သိုမြို့ ဆောက်လုပ်ရေးအင်ဂျင်နီယာဦးဇော်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**မနွယ်(ပြန်/ဆက်)**



# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် FAO တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှုဆိုင်ရာဟောပြော

**သဲကုန်း နိုဝင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် F.A.O တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဇီဝလုံခြုံမှုဆိုင်ရာဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမင်းညွှန့်ဦးက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်သွားကြရန်နှင့် F.A.O မှ အမျိုးသားစီမံကိန်းမန်နေဂျာ ဦးမြတ်ကျော်က ကြက်ငှက်တုပ်ကွေးရောဂါ အပျော့စားနှင့် အပြင်းစားများအကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကြက်မွေးမြူရေးလုပ်ငန်းပိုင်ရှင်များနှင့် စိတ်ဝင်စားသူပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ပြိုကျခဲ့သူများအား ထောက်ပံ့ငွေပေးအပ်

**ပေါင်းတည် နိုဝင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သစ်ပုတ်ကျေးရွာအုပ်စု မရိုးကျွန်းကျေးရွာမှ ဇူလိုင်လကုန်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အိမ်များပြိုကျခဲ့သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၃ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အမှာစကားပြောကြားပြီး ပြိုကျခဲ့သော အိမ်ထောင်စု ၁၉ စုအား ပဲခူးတိုင်းဒေသကြီးအစိုးရမှ ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၁၉ သိန်းငါးသောင်းကို တစ်အိမ်ထောင်လျှင် ကျပ်ငါးသောင်းစီပေးအပ်ခဲ့သည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် စာအုပ်များပေးပို့ကြရန်မေတ္တာရပ်ခံနှိုးဆော်ထား

**ရန်ကုန် နိုဝင်ဘာ ၁၅**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသား စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုး ခွဲခြား၍ အမျိုးသားစာပေဆုများနှစ်စဉ် ချီးမြှင့်ပေးလျက်ရှိသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့်စာပေဆုဖြစ်၍ အမျိုးသားစာပေ ဆုစိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီးမျှတမှုရှိစေရန် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့်စာအုပ်များရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ မူပိုင်ခွင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့်စာအုပ် စာရင်းများတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့၍ ၂၀၁၅ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ် ထုတ်စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှု ကော်မတီသို့ပေးပို့နိုင်ရေး ဇူလိုင် ၁၉ ရက်တွင် ပထမအကြိမ် နှိုးဆော်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ စာအုပ်စုစုပေါင်း ၁၄၃ အုပ်လက်ခံရရှိထားပြီး ဝတ္ထုရှည်ခြောက်အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၉ အုပ်၊ ကဗျာပေါင်းချုပ် ခြောက်အုပ်၊ စာပဒေသာ ၂၇ အုပ်၊ မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာသုံးအုပ်၊ ကလေးစာပေ သုံးအုပ်၊ လူငယ်စာပေသုံးအုပ်၊ ဘာသာပြန်(သုတ/ရသ) ၁၅ အုပ်၊ သုတပဒေသာ(ဝိဇ္ဇာ) ၃၆ အုပ်၊ သုတပဒေသာ(သိပ္ပံ /အသုံးချသိပ္ပံ) ၁၀ အုပ်၊ နိုင်ငံရေးစာပေ ၁၀ အုပ်၊ အင်္ဂလိပ်ဘာသာ(သုတ/ရသ) လေးအုပ်တို့ဖြစ်သည်။ ပြဇာတ် စာပေရရှိခြင်းမရှိသေးပါ။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကိုစာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရေး ဒုတိယအကြိမ်နှိုးဆော်ထားသည်။

စာအုပ်ရရှိရေးအစီအမံပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေး ဆုံးရှုံးမှုမရှိစေရန် စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့်စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ကြောင်းသိရသည်။

အမျိုးသားစာပေဆုအတွက်ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်းသို့မဟုတ်ပုဂ္ဂိုလ်သည်စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကိုဖော်ပြ၍ "စာပေဆုများအုပ်ချုပ်ထောက်ခံမှုကော်မတီ၊ စာပေဗိမာန်အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရန်ကုန်မြို့၊ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂ နှင့် ၀၁-၃၈၁၄၄၉"တို့ကိုပေးပို့နိုင်ပြီး စာတိုက်မှ ပေးပို့လိုသူများအနေဖြင့် မှတ်ပုံတင်ပြုလုပ် ၍ပေးပို့နိုင်ကြောင်း သိရသည်။

စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီသည်လက်ခံရရှိသော စာအုပ်များကိုစာအုပ်အမျိုးအစားအလိုက်စာရင်းသွင်းခြင်း၊ လက်ခံရရှိကြောင်းကို သက်ဆိုင်ရာ စာရေးဆရာသို့အကြောင်းကြားစာပေးပို့ခြင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း website ဖြစ်သော www.moi.gov.mm/ppe တွင်ပေးပို့ လာသောစာအုပ်များစာရင်းကို အချိန်နှင့် တစ်ပြေးညီလွှင့်တင်ခြင်းပြက္ခဒိန်နှစ် တစ်နှစ်အတွက်ထုတ်ဝေသည့် စာအုပ်များကို ယင်းနှစ်၏နောက်တစ်နှစ်ဖြစ်သော ဖေဖော်ဝါရီလကုန်အထိ လက်ခံသွားခြင်းတို့ကိုစနစ်တကျဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်ဇန်နဝါရီ ၁ ရက်မှဒီဇင်ဘာ ၃၁ ရက်အထိကာလအတွင်းပထမအကြိမ် ထုတ်ဝေခဲ့သောစာအုပ်များထဲမှ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ရာ စာအုပ်များကို ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်အထိ နောက်ဆုံးထားလက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# အထူးရဲတပ်ဖွဲ့ဝင်များအားဂုဏ်ပြုမှတ်တမ်းလွှာများပေး

၂၀၁၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံလုံခြုံရေးတာဝန်ကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြသော အထူးရဲများကို ရဲချုပ်၏ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီကသဲကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလှမိုးဦးက အမှာစကား ပြောကြားပြီး မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူးရဲမှူးမြင့်ကိုက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကိုယ်စားအထူးရဲတပ်ဖွဲ့ဝင် ၁၉၃ ဦးကို တစ်ဦးချင်းဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

# ရွှေစည်းခုံစွယ်တော်ရှင်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

**ညောင်ဦး နိုဝင်ဘာ ၁၅**

အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် စေတီတော်ဖြစ်သော ညောင်ဦးမြို့ ရွှေစည်းခုံစွယ်တော်ရှင် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်အထိ နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင်လည်း (၉၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဈေးဆိုင် ခန်းများ၊ ပျော်ပွဲရွှင်ပွဲများစသည့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ကာလ တန်ဆောင်မုန်းလဆန်း ၁ ရက်မှ လပြည့်ကျော် ၁၅ ရက်အတွင်း စေတီတော်မြတ်ကြီးရင်ပြင်တော်၌ နယ်လှည့်ဓမ္မကထိကဆရာတော်များက နိဗ္ဗာန် ရောက်ကြောင်းတရားတော်များကို ညစဉ်ဟောကြားမည် ဖြစ်ကာ တန်ဆောင်မုန်းလဆန်း ၉ ရက်နှင့် ၁၀ ရက်တွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ၃၇ မင်း နတ်နန်းရှေ့၌ ဗဒ္ဒိနတ်စာကျွေးပွဲကျင်းပပြုလုပ်မည်ဟု သိရသည်။

တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၆ ရက်အထိ ရှင်အရဟံ သိမ်တော်ကြီးအတွင်း၌ သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်ကာ တန်ဆောင်မုန်းလပြည့်နေ့တွင် သံဃာတော် အပါး ၂၀၀၀ ကျော်အား ဆွမ်းသပိတ်လုံးနှင့် လှူဖွယ်ပစ္စည်းများ၊ ငွေပဒေသာပင်များ ဆက်ကပ်လှူဒါန်းပွဲနှင့် အလှူရှင်များကိုယ်တိုင် ရေစက်ချအမျှပေးဝေခြင်း အခမ်းအနားကိုလည်း ကျင်းပမည်ဖြစ်သည်။



ပွဲတော်အတွင်း ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ ခြင်းပညာရှင်များ၏ မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲကိုလည်းထည့်သွင်း ကျင်းပမည်ဖြစ်သည်။ ထို့ပြင်တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁၅ ရက်အထိအတွင်း ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ မျက်လှည့်အဖွဲ့များ စသည့်ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တားဆီးရေးသင်တန်းပို့ချ

**ပေါက် နိုဝင်ဘာ ၁၅**

ယူနီဆက်၏ ကူညီထောက်ပံ့မှုဖြင့် မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တားဆီးရေးသင်တန်း (Prevention of Maternal to Child Transmission-PMCT)ကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းတွင် တိုင်းဒေသကြီး ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဆရာဝန်ကြီးဒေါက်တာမို့မို့စိမ်း၊ ပခုက္ကူခရိုင်အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာမို့မို့စံ၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအိအိကိုနှင့်အဖွဲ့များက မိခင်မှသန္ဓေသားသို့ ရောဂါကူးစက်မှုနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်း၊ လက်တွေ့ သွေးဖောက်စစ်ဆေးခြင်း၊ လုပ်ငန်းအစီရင်ခံစာများ ဖြည့်စွက်တင်ပြခြင်း စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်အတွင်းမှ ကျန်းမာရေးဝန်ထမ်း ၈၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၂ ရက်နေ့လယ်ပိုင်းတွင် အဆိုပါစီမံချက် လုပ်ငန်းအသိပေးရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီတို့က အမှာစကားပြောကြားကာ တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါကုဆရာဝန်ကြီးက စီမံချက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပေါက်မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးသားလေး(ယောမြေ)**

# စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး စက်ရေတွင်းများတူးဖော်

**မိတ္ထီလာ နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ၏ မိုးနည်းရေရှားဒေသတစ်ခုဖြစ်သော မိတ္ထီလာခရိုင်အတွင်း ကျေးရွာများ၌ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် လယ်ယာလုပ်ငန်းများအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် စက်ရေတွင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေများဖြင့် တူးဖော်ပေးလျက်ရှိသည်။

စက်ရေတွင်းများကို မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များမှ ကျေးရွာများတွင် တူးဖော်ပေးနေခြင်းဖြစ်သည်။

မိတ္ထီလာမြို့နယ်တွင် ညောင်ကိုင်း၊ ကန်တောင်၊ လျှော်ဖြူကန်၊ ရှမ်းတဲ၊ မောက်လောက်၊ ရုံးတော၊ မကျီးစု၊ ကံကြီး၊ ထမှန်ကန်၊ တောမ၊ မြား၊ လျှော်ဖြူကုန်း၊ မြွေ၊ ကဖြူ၊ ကျောင်းရွာ၊ ကံသာ၊ ညောင်ကန်၊ ကုက္ကိုကုန်း၊ ဝါးရုံ၊ ကွက်ငယ်နှင့် ရွှေစင်သည် ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၃၄ ရွာတွင် စက်ရေတွင်းပေါင်း ၅၀ ကို တူးဖော်ပေးခဲ့ပြီး အဆိုပါ ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေနှင့် လယ်ယာမြေဧက ၂၅၀ ခန့်အတွက် စိုက်ပျိုးရေများ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။



မလှိုင်မြို့နယ်အတွင်းရှိ ကျွဲခြံ၊ သဘွတ်ကုန်း၊ ဝမ်းဘဲလူး၊ သပြေပင်၊ ရေနီ၊ ဇီးခွနှင့် ဖျောက်ဆိပ်ကျင်း ကျေးရွာအုပ်စုများမှ ကျေးရွာ ၂၀ တွင်လည်း စက်ရေတွင်းများ တူးဖော်ပေးပြီးဖြစ်သည်။ ဝမ်းတွင်းမြို့နယ်အတွင်းရှိ တဲစု၊ တောင်ဘို၊ ခံတက်ကုန်းတောင်နှင့်မြောက်၊ ထန်းပင်ကုန်း၊ မြေတိုင်ကန်၊ ရေဆုံး၊ ရွာတန်းနှင့် ကုလားရွာကျေးရွာအုပ်စုများမှ ရွာ ၂၀ တွင်လည်း စက်ရေတွင်းပေါင်း ၅၀ ကို လည်းကောင်း၊ သာစည်မြို့နယ်အတွင်းရှိ ဝမ်းသာ၊ ဝက်တိုး၊ ရွာမွန်သာ၊ ဆည်ကြီး၊ ငှက်ကြီးသိုက်၊ ကျောက်ပနား၊ နှမ်းကန်၊ မင်းလှ၊ ညောင်တို၊ ကြက်မောက်၊ အိုင်ဒွန်း၊ ဆင်ဝင်နှင့် ညောင်ပင်သာ ကျေးရွာအုပ်စုများမှာ ကျေးရွာ ၂၂ ရွာအတွက် စက်ရေတွင်း ၅၀ ကို လည်းကောင်း တူးဖော်ပေးပြီးဖြစ်ကာ ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# ကံကုန်းကျေးရွာအနီး၌ လျှပ်စစ်နေ့စား အလုပ်သမားတစ်ဦး ဓာတ်လိုက်သေဆုံး

**ဆားလင်းကြီး နိုဝင်ဘာ ၁၅**

ဆားလင်းကြီးမြို့နယ်၌ နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာကျောက်မျက်ကျေးရွာအုပ်စု ကံကုန်းကျေးရွာနေ မောင်ဇော်ဝင်းမောင်(ခ) သပိတ် (၂၈နှစ်) လျှပ်စစ်နေ့စား အလုပ်သမားသည် ကံကုန်းရွာနှင့် ကျောက်မျက်ကျေးရွာကြားရှိ ပတ်တီးလိပ်စက်ရုံဝင်း တည်ဆောက်ဆဲ အဆောက်အအုံနံဘေးဓာတ်မီးတိုင်၌ မီးကြိုးလျော့ကျနေမှုကို တိုင်ပေါ်သို့တက်ပြီးဆွဲတင်ရာမှ ဓာတ်လိုက်၍ အောက်သို့ပြုတ်ကျခဲ့သည်။ ၄င်းအား မုံရွာပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ပြီး ၁၀မိနစ်ခန့်အကြာ သေဆုံးသွားခဲ့သည်။

(၀၂၀)

# ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ ၁၀ ရက်အတွင်း ကျွန်းအပါအဝင် သစ်မျိုးစုံ ၈၅ တန်ကျော် တရားမဝင်ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ကျွန်းအပါအဝင် သစ်မျိုးစုံ ၈၅ တန်ကျော်ကို နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အတွင်း ဖမ်းဆီးရမိမှုမှာ ကျွန်းသစ် ၃၃ လုံး (အလေးချိန် ၅ ဒသမ ၉ တန်)၊ ကျွန်းခွဲသား ၇၇၂ ချောင်း(အလေးချိန် ၄ ဒသမ ၄ တန်)၊ ကျွန်းဗီရိုရှစ်လုံးနှင့် ကျွန်းတံခါးရွက်ဆိုက်စုံ ၆၁ ခုအပါအဝင် ပျဉ်းကတိုးခွဲသားများ၊ အခြားသစ်မျိုးစုံ သစ်လုံးနှင့် ခွဲသားများ စုစုပေါင်းအလေးချိန် ၂၃ ဒသမ ၇၉ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အတွင်း ဖမ်းဆီးရမိမှုမှာ ကျွန်းသစ်လုံး ၄၀ (အလေးချိန် ၁၃ဒသမ ၁၉ တန်)၊ ကျွန်းခွဲသား ၂၃ ချောင်း(အလေးချိန် ၃ ဒသမ ၄၈ တန်)အပါအဝင် ပျဉ်းကတိုးနှင့် အခြားသစ်မျိုးစုံ သစ်လုံးနှင့်ခွဲသားများ စုစုပေါင်းအလေးချိန် ၆၂ ဒသမ ၇၉ တန်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဖိုးတန်သယံဇာတဖြစ်သော ကျွန်းသစ်အပါအဝင် သစ်အမျိုးမျိုးနှင့် ဆက်စပ်သစ်တောထွက်ပစ္စည်းများကို တရားမဝင် ခိုးထုတ်သယ်ဆောင်မှုများမရှိစေရေးအတွက် ရှာဖွေဖမ်းဆီးအရေးယူမှုများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သစ်တော)**

# ရေဘေးသင့်ပြည်သူများအတွက် နေအိမ်သစ်များဆောက်လုပ်ရန် ရွာသစ်ဖော်ထုတ်

**ကလေး နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများတွင် နေအိမ်များပျက်စီးခဲ့ပြီး ရွှေ့ပြောင်းခဲ့ရသည့် ရေဘေးသင့် ပြည်သူများအား ပြန်လည်ထူထောင်ရေးအတွက် နေအိမ်သစ်များကို ဆောက်လုပ်ပေးလျက်ရှိရာ နတ်ကြီးကုန်းကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် လူနေအိမ်သစ် ၄၁ လုံး ဆောက်လုပ်ရန် ရွာသစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို ကလေးမြို့နယ် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများ အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကလေးဒေသတွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လများက ရေကြီးရေလျှံမှုများ မကြုံစဖူးကြီးမားစွာဖြစ်ပေါ်ခဲ့ရခြင်းကြောင့် ကလေးမြို့နယ်အတွင်း၌ လယ်ယာမြေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ပံ့ပိုးမှု၊ အလှူရှင်ပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၏ ထောက်ပံ့ကူညီမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကလေးမြို့နယ်အတွင်း ရေဘေးကြောင့် နေအိမ်များပျက်စီးခဲ့သော ပြည်သူများအတွက် စုစုပေါင်း နေအိမ်သစ် ၃၅၈ လုံးကို ဆောက်လုပ်ရန်လျာထားကြောင်း သိရသည်။

**ဂျူနိုင်း**



# ကေဒသမအကြိမ်မြောက် မီးပုံးပျံပွဲတော်ကျင်းပရန် လုပ်ငန်းကော်မတီများ ညှိနှိုင်းဆွေးနွေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၅**

ပြင်ဦးလွင်မြို့ ရေငယ်ရွာအနီး ဓမ္မရတိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရားကြီး)၏ မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲ၊ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်ပြိုင်ပွဲများကို ၂၀၀၅ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း ကေဒသမအကြိမ်အဖြစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကျင်းပရာတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားကာ ဘဏ္ဍာငွေရှာဖွေရေးနှင့်သုံးစွဲမှုလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မသိုးသင်္ကန်းရက်ပူဇော်ပွဲနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကော်မတီ၊ မီးပုံးပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဖိတ်ကြား၊ ပြန်ကြားနှင့် မှတ်တမ်းကော်မတီ၊ ခာတ်ပုံပြပွဲနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပွဲလုပ်ငန်းကော်မတီ၊ ကျန်းမာရေးကော်မတီ၊ ပို့ဆောင်ရေးကော်မတီ၊ ကွင်းနှင့် အခမ်းအနားပြင်ဆင်ရေးကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေးကော်မတီ၊ စာရင်းစစ်ဆေးရေးကော်မတီများက ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**(၄၃၂)**

# ရေစကြိုမြို့နယ်၌ မြေပဲစိုက်ပျိုးချိန်တွင် မျိုးမြေပဲဈေးမြင့်တက်

**ရေစကြို နိုဝင်ဘာ ၁၅**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ မြေပဲစိုက်တောင်သူများအနေဖြင့် ဆောင်းမြေပဲများစတင်စိုက်ပျိုးရာတွင် ယခုနှစ်တွင်မျိုးမြေပဲများ ဈေးတက်သဖြင့် ယခင်နှစ်ထက်ဈေးကြီးပေး၍ ဝယ်ယူနေရကြောင်း သိရသည်။

“ဒီနှစ် မျိုးမြေပဲကို ဈေးတက်ဝယ်ရပါတယ်။ ရေစကြိုမြို့ပေါ်က ပွဲရုံတွေမှာဝယ်ရင် မျိုးမြေပဲအတောင့်တစ်တင်းကို ငွေကျပ် ၁၇၀၀၀ ဈေး ပေးဝယ်ရတယ်။ ရွာမှာဝယ်ရင် တစ်တင်းကို ကျပ် ၂၀၀၀၀ ပေးဝယ်ရတယ်။ မနှစ်က မျိုးမြေပဲတောင့်တစ်တင်းကို ငွေကျပ်တစ်သောင်းနဲ့ တစ်သောင်းခွဲကြားမှာ ဝယ်ရတယ်”ဟု ဘုန်းတော်ပြည့်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြေပဲစိုက်ပျိုးရန်အတွက် မျိုးဝယ်ရာတွင် မြေပဲတောင့်ကိုဝယ်၍ အခွံခွာပြီး အဆန်ထုတ်စိုက်ခြင်းက အပင်ပေါက်ရန်သေချာသဖြင့် တောင်သူအများစုမှာ မြေပဲတောင့်ကို ဝယ်ယူစိုက်ပျိုးကြသော်လည်း တောင်သူအချို့က မြေပဲအဆန်ကိုသာ ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ မြေပဲအဆန်မှာလည်း ယခုနှစ်တွင် ဈေးတက်ကြောင်း သိရသည်။

“မျိုးမြေပဲအဆန် တစ်ပိဿာကို ဒီနှစ် ၃၃၀၀ ကျပ် ပေးဝယ်ရပါတယ်။ မနှစ်ကတော့ နှစ်ထောင်ကျော်လောက်ပဲ ပေးရတာပါ။ ဒီနှစ် မြေပဲမျိုးဈေးက မနှစ်ကထက် ဈေးတက်ဝယ်ရပါတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။

ရေစကြိုမြို့မှ မြေပဲစိုက်တောင်သူများသည် အောက်တိုဘာ ၁၅ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း မိုးလေကင်းလွတ်ချိန်တွင် မြေပဲများ စတင်စိုက်ပျိုးလေ့ရှိကြပြီး ယခုနှစ်တွင် အောက်တိုဘာလအတွင်းက မိုးအနည်းငယ်ရွာသွန်းခဲ့သဖြင့် မိုးကင်းစင်သော ယခုနိုဝင်ဘာလအတွင်းတွင် မြေပဲစိုက်ပျိုးသူများကြောင်း သိရသည်။ တောင်သူအများစုအနေဖြင့် မကွေးမြေပဲမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မြေပဲစိုက်ပျိုးရာတွင် မြေပဲအဆန် အကြီးအသေးပေါ်မူတည်၍ တစ်ဧကလျှင် မြေပဲဆန် ပိဿာချိန် ၄၅ မှ ၅၀ ကြား စိုက်ပျိုးရပြီး ရာသီဥတုကောင်း၍ စိုက်ခင်းပိုးမကျပါက မြေပဲတောင့် တင်း ၇၀၊ ၈၀ ခန့် ထွက်ရှိကြောင်း သိရသည်။

**အိမ္ဗွန်ဆွေ(ရေစကြို)**

# ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်၍ ဆိုင်ကယ်စီးသူတစ်ဦး သေဆုံး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၅**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်-သာဂရလမ်းပေါ်၌ နိုဝင်ဘာ ၁၂ ရက်က အမျိုးအစားမသိလိုက်သော ကားတစ်စီးနှင့် ဆိုင်ကယ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့၍ ဆိုင်ကယ်မောင်းနှင်လာသူသေဆုံးပြီး တစ်ဦးဒဏ်ရာရခဲ့ကြောင်း သရက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် ကိုးပင်-သာဂရကားလမ်း မိုင်တိုင်အမှတ် (၇၃/၂)နှင့်(၇၃/၃)အကြား မှန်ကင်းကျေးရွာအနီး၌ ခနုံးမြောင်ကျေးရွာဘက်မှ ငှက်ပျောကျင်းကျေးရွာဘက်သို့ ငှက်ပျောကျင်းကျေးရွာနေ အောင်မြင့်ကြိုင် မောင်းနှင်ပြီး နောက်မှတစ်ရွာတည်းနေသူ သန့်ဇင်ဝင်း(၁၅ နှစ်)လိုက်ပါစီးနင်းလာသောဆိုင်ကယ်နှင့် ဘန်းကုန်းကျေးရွာဘက်မှ ခနုံးမြောင်ကျေးရွာဘက်သို့ အမည်မသိသူတစ်ဦးမောင်းနှင်လာသော အမျိုးအစားမသိ စုံစမ်းဆဲကားတစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဆင်ပေါင်ဝဲမြို့နယ် လဲဇင်ရဲကင်းစခန်းမှူး ဒုရဲအုပ်ဇော်ရဲအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်တိုက်မှုကြောင့် အောင်မြင့်ကြိုင်မှာ နေရာတွင်သေဆုံးသွားခဲ့ပြီး သန့်ဇင်ဝင်းတွင် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ အမည်မသိယာဉ်မောင်းအား ကိုးပင်နယ်မြေရဲစခန်း၌ အမှုဖွင့်ထားကာ ဖော်ထုတ်နိုင်ရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကျေးရွာချင်းဆက်ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**တွံတေး နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကြည်ဆိပ်ကျေးရွာအုပ်စု ကြည်ဆိပ်ကျေးရွာရှိ ကျေးရွာချင်းဆက် တူးမြောင်းချောင်းတံတားကို ဒေသခံပြည်သူများက ကိုယ်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းကူးတံတားသည် အရှည် ၄၅ ပေ၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကာ ဒေသခံပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးရွာအုပ်ချုပ်မှူး ဦးဌေးလွင်၊ ကျေးရွာအထောက်အကူအပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖနှင့် အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခြင်းဖြစ်ကာ စုစုပေါင်းတန်ဖိုးငွေ ကျပ် ၇၅ သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။ တံတားပြီးစီးသွားပါက ကြည်ဆိပ်ကျေးရွာမှ ခတ္တိယ-ပဒန်ရေကျော်လမ်းမှတစ်ဆင့် တွံတေး၊ လှိုင်သာယာ၊ ရန်ကုန်မြို့အထိ ကား၊ ဆိုင်ကယ်များဖြင့် အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## ရွှေဘောလုံးဆုဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ မက်ဆီ

၂၀၁၅ ခုနှစ်အတွက် ဖီဖာရွှေဘောလုံးဆုကို ဘာစီလိုနာတိုက်စစ်မှူးလီယွန်နယ်မက်ဆီ ဆွတ်ခူးသွားနိုင်လိမ့်မယ်လို့ ရေပန်းစားနေပါတယ်။ မက်ဆီရဲ့ အဓိကပြိုင်ဘက် စီရော်နယ်ဒိုကလည်း ဒီဆုကို မက်ဆီပဲဆွတ်ခူးနိုင်လိမ့်မယ်လို့ ဝန်ခံပြောကြားလိုက်ပါတယ်။ မက်ဆီဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား၊ လာလီဂါဖလားနဲ့ ကိုပါဒယ်ရေးဖလားတွေကို ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဖီဖာရဲ့ ရွှေဘောလုံးဆုကို ဆွတ်ခူးဖို့ ရေပန်းစားနေတာဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ ရာသီက လာလီဂါနဲ့ ချန်ပီယံလိဂ်ပွဲတွေမှာ ဂိုးသွင်းဘုရင်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့အပြင် ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ရီးရဲမက်ဒရစ်အသင်းနဲ့အတူ အဓိကဆုဖလားတစ်လုံးမျှ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းမရှိတဲ့အတွက် ဖီဖာရွှေဘောလုံးဆုကို ဆွတ်ခူးနိုင်ဖို့ အားနည်းနေပါတယ်။ သို့ပေမယ့် မက်ဆီဟာ ဒီနှစ်ရာသီမှာတော့ ဒဏ်ရာတွေကြောင့် အနားယူတဲ့အချိန် ကြာမြင့်တဲ့အတွက် သွင်းဂိုးတွေ နည်းပါးနေပါတယ်။




## ဖာဂူဆန်လက်ထက်မှာ အောင်မြင်ခဲ့တဲ့ ကမ္ဘာကျော်ကစားသမားများ

မန်ယူနည်းပြဖာဂူဆန်လက်ထက်မှာ ကမ္ဘာကျော်ဘောလုံးသမား ၅၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ မန်ယူအသင်းနဲ့အတူ ကမ္ဘာကျော်ကစား သမားအဖြစ် အောင်မြင်ခဲ့တဲ့ ကစားသမားတွေထဲမှာ ဒေးဗစ်ဘက်ခမ်း၊ ရွန်းနေ၊ စီရော်နယ်ဒို၊ ဒွိုက်ယောက်၊ အင်ဒီကိုလ်၊ နစ္စတယ်ရွိုင်းအစရှိတဲ့ ကစားသမားတွေဟာ ကမ္ဘာကျော်ကစားသမားတွေဖြစ်ခဲ့ပါတယ်။ ပေါလ်စခိုးလ်၊ ရိုင်ယံဂစ်တို့ဟာလည်း မန်ယူနဲ့အတူ အောင်မြင်ခဲ့တဲ့ ကစားသမားတွေဖြစ်ပါတယ်။ ဒီအထဲမှာမှ ရွန်းနေနဲ့ စီရော်နယ်ဒိုတို့ကတော့ ယနေ့ထက်တိုင် အောင်မြင်နေတဲ့ ကစားသမားတွေအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ပါတယ်။ ရွန်းနေဟာ မန်ယူအသင်းမှာရော အင်္ဂလန်အသင်းမှာပါ အောင်မြင်မှုစံချိန်တွေတင်ထားနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ စီရော်နယ်ဒိုကတော့ မန်ယူနဲ့အတူ အောင်မြင်တဲ့ ကစားသမားဖြစ်လာခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးဆုတွေ ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့တဲ့ တိုက်စစ်မှူးအဖြစ် ဆက်လက်အောင်ပွဲခံနေဆဲဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ နည်းပြ ဖာဂူဆန်မွေးထုတ်ပေးလိုက်တဲ့ တိုက်စစ်မှူးတွေထဲမှာ အောင်မြင်မှု အရှိဆုံး ကစားသမားလို့ ဆိုပါတယ်။ သူဟာ စပိန်လာလီဂါမှာရော ရီးရဲမက်ဒရစ်မှာပါ ဂိုးအများဆုံး စံချိန်တင်ထားတဲ့ တိုက်စစ်မှူးအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။







# ယူရိုခြေစစ်ပွဲ ရှုံးထွက်ဒုတိယအကျော့မှာ ဘယ်အသင်းတွေ ဖြတ်ကျော်သွားမလဲ

***ယူရို ၂၀၁၆ ခြေစစ်ပွဲရဲ့ ရှုံးထွက်ဒုတိယအကျော့ပွဲစဉ်တွေကို နိုဝင်ဘာ ၁၇ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အုပ်စု(G) က ဆွီဒင်နဲ့ အုပ်စု(I)မှာ ဒိန်းမတ်တို့ပွဲက စိတ်ဝင်စားစရာကောင်းသလို အုပ်စု(E)မှာ ဆလိုဗေးနီးယားနဲ့ အုပ်စု(C)မှာ ယူကရိန်းတို့ရဲ့ အကြိတ်အနယ်အားထုတ်မှုလည်း ပရိသတ်တွေအတွက် ကြည့်ကောင်းမယ့်ပွဲတွေဖြစ်နေမှာသေချာပါတယ်။ ခြေစစ်ပွဲအောင်ဖို့အတွက် အဆုံးအဖြတ်ပေးမယ့် ဒီပွဲမှာတော့ ဘယ်အသင်းတွေ အောင်ပွဲခံသွားမလဲဆိုတာ ရင်ခုန်စရာတော့ကောင်းနေပါတယ်။***

**ဒိန်းမတ်နှင့် ဆွီဒင်**

အုပ်စု(I)မှာ ဒိန်းမတ်တို့က ရှစ်ပွဲကစားပြီးချိန်မှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ၁၂ မှတ်ရရှိထားပါတယ်။ ဆွီဒင်တို့ကတော့ အုပ်စု(G)မှာ ၁၀ ပွဲကစားပြီး ၁၈ မှတ်ရထားကာ အုပ်စုတတိယနေရာမှာ ရှိနေတာမို့ ဒီပွဲဟာ နှစ်သင်းစလုံး ရေကုန်ရေခန်း ကစားကြပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ လောလောဆယ် စွမ်းဆောင်မှုတွေကိုကြည့်ရင် ဒိန်းမတ်တို့က ပြင်သစ်၊ ပေါ်တူဂီတို့ကို ဆက်တိုက်ရှုံးထားပြီး အာမေးနီးယားနဲ့ အယ်လ်ဘေးနီးယားတို့က သရေနှစ်ပွဲဆက်တိုက်ဖြစ်ထားပြန်ပါတယ်။ ဒိန်းမတ်တိုက်စစ်မှူးတွေရဲ့ နောက်ဆုံးလေးပွဲကစားခဲ့တဲ့ ဂိုးသွင်းနှုန်းကလည်း စုစုပေါင်း တစ်ဂိုးသာရှိတာမို့ အခုပွဲမှာ ဆွီဒင်ကို ခက်ခဲပါလိမ့်မယ်။ ဒိန်းမတ်ရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး ခိုင်မာတောင့်တင်းတဲ့အပြင် အမှားအယွင်းနည်းတဲ့ ခံစစ်မှူးတွေကြောင့် ဆွီဒင်တိုက်စစ်မှူးတွေ ဘယ်လိုကျော်ဖြတ်မလဲ ကြည့်ရမှာပါ။

ဆွီဒင်တို့ကတော့ မော်လ်ဒိုဗာနဲ့ လက်ချင်စတိန်းတို့ကို နိုင်ပွဲတွေဆက်ထားပြီး အကောင်းဆုံးခြေစွမ်းကို ပြန်ရရှိနေပါတယ်။ ဆွီဒင်တိုက်စစ်မှူးတွေက ပွဲတိုင်းဂိုးသွင်းနိုင်သူတွေဖြစ်ပြီး ခံစစ်ပိုင်းကလည်း လုံခြုံတာတွေ့ရပါတယ်။ ဒီနှစ်သင်းဟာ ပထမအကျော့မကစားမီအချိန်အထိ စုစုပေါင်း ၁၀၆ ပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဆွီဒင်က ၄၆ ပွဲနိုင်ပြီး ဒိန်းမတ်က ပွဲ ၄၀ နိုင်ထားပါတယ်။ ဆွီဒင်အသင်းမှာ ဘီဘာရာဟင်မိုဗစ်၊ ကောစတုန်း၊ ဘလွန်းတို့ ပါဝင်ဖို့ မသေချာသလို ဒိန်းမတ်မှာလည်း အီမေး၊ ဂျာကော့ဆင်၊ စီမွန်ဂျာ၊ ဝဲလ်ယံဗက်တို့ တစ်ပွဲပယ်ပြစ်ဒဏ်ခံထားရလို့ ပါဝင်ဖို့ မသေချာပါဘူး။ ဒီပွဲမှာ ဆွီဒင်တို့ နိုင်ပွဲရယူသွားမယ့် အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။

**ဆလိုဗေးနီးယားနှင့် ယူကရိန်း**

စပိန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့ပေမယ့် မက်ဆီဒိုးနီးယားကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရယူတဲ့အပြင် ဘီလာရုစ်၊ လူဇင်ဘတ်တို့ကို နိုင်ပွဲရအောင် ကစားထားတဲ့ ယူကရိန်းတို့က အခုပွဲမှာလည်း အနိုင်ရအောင် ဆောင်းကြဉ်းပေးမလားကြည့်ရမှာပါ။ ယူကရိန်းဟာ ခံစစ်ကျစ်လျစ်သိပ်သည်းတဲ့ အသင်းဖြစ်ပေမယ့် သုံးပွဲကစား သုံးဂိုးသာ သွင်းနိုင်တဲ့ တိုက်စစ်ပိုင်းက အားရစရာတော့ မရှိပါဘူး။ ဆလိုဗေးနီးယားတို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ဆန်မာရီနို၊ လစ်သူယေးနီးယား၊ အက်စ်တိုးနီးယားတို့ကို နိုင်ပွဲတွေရအောင် ကစားနိုင်ခဲ့တာမို့ ပုံမှန်ခြေစွမ်းတော့ရရှိနေပါတယ်။ ဆလိုဗေးနီးယားတို့ကလည်း ခံစစ်ပိုင်းလုံခြုံအောင် ထိန်းသိမ်းကစားနိုင်ပြီး တိုက်စစ်မှူးတွေကလည်း လျင်မြန်တာမို့ ယူကရိန်းတို့အတွက် ပွဲကျပ်ဖြစ်ပါလိမ့်မယ်။ ဆလိုဗေးနီးယားရဲ့ အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တွန်းတွန်းတိုက်တိုက် ကစားဟန်ကြောင့် ရလဒ်မပြတ်ပေမယ့် ဆလိုဗေးနီးယားတို့ အသာစီး ရရှိသွားနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**

## ရီးရဲမက်ဒရစ်သို့ ပြန်ရောက်နိုင်တဲ့ မော်ရင်ဟို

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ ယခုနှစ်ပရီမီယာလိဂ်မှာ ဆိုးရွားတဲ့ရလဒ်တွေကြုံခဲ့ရပြီးတဲ့နောက် အသင်းမှထွက်ခွာရဖွယ်ရှိနေပါတယ်။ နည်းပြမော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးအသင်းပိုင်ရှင်က ရာထူးမှ ဖယ်ရှားခြင်းခံရမယ်ဆိုရင် ရီးရဲမက်ဒရစ်ကို ပြန်ရဖွယ်ရှိနေပါတယ်။ လက်ရှိရီးရဲမက်ဒရစ်နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အနေနဲ့လည်း ရီးရဲမက်ဒရစ်မှာ ကစားသမားတွေနဲ့ အဆင်မပြေမှုတွေကြောင့် အသင်းမှာကြာရှည်စွာ ဆက်ရှိနေမယ့်အနေအထား မရှိပါဘူး။ မော်ရင်ဟိုဟာ ရီးရဲမက်ဒရစ်မှာ အောင်မြင်ခဲ့တဲ့နည်းပြဖြစ်ပါတယ်။

ဘင်နီတက်ဇ်ထက် မော်ရင်ဟိုကို ကစားသမားတွေက ပိုပြီးနှစ်သက်မှုရှိတယ် လို့ ဆိုပါတယ်။ ဒီအတွက် ဘင်နီတက်ဇ်အနေနဲ့လည်း အသင်းမှထွက်ခွာဖို့ ပြင်ဆင်မှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ ဘင်နီတက်ဇ်နဲ့ တိုက်စစ်မှူး စီရော်နယ်ဒိုရဲ့ ဆက်ဆံရေးဟာ အဆင်မပြေဖြစ်နေတဲ့အတွက် ဘင်နီတက်ဇ်ဟာ ရီးရဲမက်ဒရစ်မှာ ကြာကြာဆက်ရှိဖို့ မသေချာဘူးလို့ ဆိုပါတယ်။ ရီးရဲမက်ဒရစ်အသင်းတာဝန်ရှိသူတွေကလည်း မော်ရင်ဟိုပြန်လာရင် ခေါ်ယူသွားဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**




1st year anniversary! Prestige Automobiles is offering special celebratory rates to selected BMW models (2 Series, 3 Series, 5 Series, 6 Series, 7 Series, X3, X4 and X5) at this year. Now is the perfect time to experience a whole new level of driving pleasure and arrive at your destination truely happy.

- Price calculated based on **1,050 Kyats/USD**
- 3 years BMW Service Inclusive

For the limited offers, don't miss a chance to visit our showroom today or call 01 2306133 to book your test drive now.

Prestige Automobiles ၏ BMW Sales & Service Centre ဖွင့်လှစ်ခြင်း (၁) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အောက်ပါ BMW မော်တော်ကားများ၏ တန်ဖိုးအား အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ (၁,၀၅၀) နှုန်းဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**BMW Sedan Models**

BMW 2 Series
BMW 3 Series
BMW 5 Series
BMW 6 Series
BMW 7 Series

**BMW X Models**

BMW X3
BMW X4
BMW X5

အရေအတွက်ကန့်သတ်ထားသည့်အတွက် သင့်ရဲ့ BMW ကို ယခုပဲ အရယူဖို့ Prestige Automobiles သို့ အရောက်လှမ်းခဲ့လိုက်ပါ။

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC


သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့်
SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို
*150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090# ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဆောင်ရွက်လျက်ရှိသော ဗဟန်းမြို့နယ်ရှိ ကမ္ဘာအေးဘုရားလမ်းမကြီး၊ ဗဟန်း (၃)လမ်းအနီး လူကူးခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းတွင် တပ်ဆင်ရန် လိုအပ်သည့်စက်လှေကား နှစ်စင်းကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၀-၁၁-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏
## (၁၇)ကြိမ်မြောက်အငြိမ်းစားဆရာကြီး၊ဆရာမကြီးများအားပူဇော်ကန်တော့ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် AUAA နှစ်ပတ်လည်အစည်းအဝေးကျင်းပရန်
## နှိုးဆော်ခြင်း

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း၏ (၁၇)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအားပူဇော်ကန်တော့ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် AUAA နှစ်ပတ်လည် အစည်းအဝေးအား အောက်ပါအတိုင်းစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများ စုံညီစွာတက်ရောက်နိုင်ပါရန် လေးစားစွာကြိုတင်၍ အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။ အခမ်းအနားအစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | နေ့ရက် | အစီအစဉ် | နေရာ |
|---|---|---|---|
| ၁ | ၁၂-၁-၂၀၁၆ မှ ၁၃-၁-၂၀၁၆ | စိုက်ပျိုးရေးဆိုင်ရာသုတေသန စာတမ်းဖတ်ပွဲ | စုဝေးခန်းမ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် |
| ၂ | ၁၄-၁-၂၀၁၆ | စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ကြို သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ အသင်း(AUAA) နှစ်ပတ်လည်အစည်းအဝေးကျင်းပခြင်း | စုဝေးခန်းမ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် |
| ၃ | ၁၅-၁-၂၀၁၆ | ကွယ်လွန်သူအငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ဝန်ထမ်းများအား ရည်စူး၍ ဆွမ်းကပ်လှူဒါန်း အမျှဝေခြင်း | စိန်ရတုဓမ္မာရုံ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် |
| ၄ | ၁၆-၁-၂၀၁၆ | စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ၏ (၁၇)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအားပူဇော်ကန်တော့ခြင်း | စိန်ရတုဓမ္မာရုံ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် |
| ၅ | ၁၆-၁-၂၀၁၆ | အငြိမ်းစား ဆရာကြီး၊ဆရာမကြီးများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံခြင်းနှင့် မိတ်ဆုံစားပွဲ | အဓိပတိရင်ပြင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် |

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဒေါက်တာချိုချိုစံ ၁၂/ကမန(နိုင်) ၀၃၂၉၁၄၊ KBZ Bank Account-0651-122000-3737 ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၀၉၀၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## တင်ဒါခေါ်ယူရေးကော်မတီ
## (ဝန်ဆောင်မှုလုပ်ငန်းတင်ဒါအမှတ်စဉ် ၁/၂၀၁၅)

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းရှိ အမှတ် ၆၀၄/၆၀၈ မြေနေရာနှင့် အဆောက်အအုံအား ငှားရမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ရေနံရုံးခန်းများငှားရမ်းခြင်းတို့ကို နှစ်ရှည်စီမံခန့်ခွဲဆောင်ရွက်မည်ဖြစ်ရာ အဆိုပါအဆောက်အအုံအား ရှေးမူလလက်ရာမပျက် ပြုပြင်မွမ်းမံပြီးစွမ်းအင်ဝန်ကြီးဌာန ရုံးခန်းများနှင့် ရေနံရုံးခန်းများအဖြစ် စီမံခန့်ခွဲဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင် (သို့မဟုတ်) လုပ်ငန်းအဖွဲ့အစည်းများသည် တင်ဒါပုံစံများအား အပိုဒ်(၂)ပါ ရုံးများတွင် ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၃-၁၁-၂၀၁၅ ရက် (တနင်္လာနေ့)

(ခ) **တင်ဒါရောင်းချမှုပိတ်ရက်** - ၄-၁၂-၂၀၁၅ ရက် (သောကြာနေ့)

(ဂ) **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့)

၂။ အဆိုပါအဆောက်အအုံကို လေ့လာလိုပါက ၁၆-၁၁-၂၀၁၅ ရက်မှ ၂၀-၁၁-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း လာရောက်လေ့လာကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း-၉၅-၆၇-၄၁၁၀၅၅၊ ၉၅-၆၇-၄၁၁၀၅၆
ဖက်စ် ၉၅-၆၇-၄၁၁၁၂၅
Email-mogemd@energy.gov.mm

(ခ) အထွေထွေမန်နေဂျာ
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အောက်မြန်မာပြည်ရုံးခွဲ)
အမှတ် ၄၇၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၉၅-၁-၆၅၇၆၆၇၊ ၅၄၂၇၃၂၊ ၄၅၀၆၃၉
ဖက်စ် ၉၅-၁-၆၅၇၆၇၈၊ ၄၅၀၄၅၄
Email-mogegmtka@energy.gov.mm

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၅ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၅ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး
## အင်းစိန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသရန်လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ရက်နှင့် (တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်သွင်းရမည့်ဆေးဝါးစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်း အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်၌ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၆၄၀၅၂၃**

## ကလေးတက္ကသိုလ်
## နဝမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကလေးတက္ကသိုလ်က ကြီးမှူးကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ကလေးတက္ကသိုလ် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား အား ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် ကျင်းပရန် လျာထားပါသဖြင့် အဆိုပါ အခမ်းအနားသို့ တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့ ယူရန်အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို ၄-၁၂-၂၀၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
- မဟာသုတေသနဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ဂုဏ်ထူးဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ၂၀၁၄-၂၀၁၅ပညာသင်နှစ်
- မဟာသုတေသနဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ
- မဟာဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ
- ရိုးရိုးဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများ

၂။ လျှောက်ထားသူများသည် ကလေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ၊ မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂×၁½)လက်မအရွယ် ဓာတ်ပုံ(၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို ပူးတွဲ၍ လျှောက်ထားကြရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်း လိုသူများသည် ကလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ကလေးတက္ကသိုလ် လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့အပ်နှင်းမည့် အစီအစဉ်များကို ဆက်လက် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန(တယ်လီဖုန်းအမှတ် ၀၇၃-၂၁၄၆၇၊ ၀၉-၂၀၀၆၀၉၄၊ ၀၉-၄၀၀၀၄၃၂၆၁၊ ၀၉-၉၇၈၉၁၂၁၀၅၄ e-mail:kalayuniversity 1993@ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ကလေးတက္ကသိုလ်**

## လေလံခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်တရားရုံးမှ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ၈ည/၄၄၀၄ နံပါတ်ပါ (၁၂)ဘီးကား အပြာရောင် (၁)စီး၊ (YINXIANG) အနက်ရောင်ဆိုင်ကယ် (၁)စီးတို့အား အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၈ည/၄၄၀၄ နံပါတ်ပါ (၁၂)ဘီးကား (၁)စီး

(ခ) (YINXIANG) ဆိုင်ကယ် (၁)စီး

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါလျှောက်လွှာ ရယူရမည့်ရက်** - ၇-၁၂-၂၀၁၅ရက်မှ ၁၄-၁၂-၂၀၁၅ရက်ထိ

**တင်ဒါတင်သွင်းရမည့်အချိန်** - ၁၅-၁၂-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်** - ၁၈-၁၂-၂၀၁၅ရက်၊ ၁၀း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ကလေးခရိုင်တရားရုံး ဖုန်း-၀၇၃-၂၁၁၇၅သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၃-၁၁-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ရန်ကုန်ကလေးဆေးရုံကြီး**
**ဖုန်း-၀၁-၂၂၂၈၀၇၊ ၀၁-၂၂၂၈၀၈၊ ၀၁-၂၂၂၈၀၉**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့်လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေးပညာဌာန၌ အသုံးပြုမည့် အောက်ဖော်ပြပါတိရစ္ဆာန်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

| စဉ် | တိရစ္ဆာန်အမျိုးအမည် | ဝယ်ယူမည့်အရေအတွက် |
|---|---|---|
| ၁။ | ဝက်(အထီး၊ အမ) | ၁၀ကောင် |
| ၂။ | နွား(နို့စားနွား) | ၄ကောင် |

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးပညာဌာန၊ ဖုန်း-၀၉-၄၂၀၇၀၈၅၂၄ နှင့် ၀၉-၄၂၀၇၈၂၉၂၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန၏ အောက်ဖော်ပြပါ ဌာနများအတွက် လိုအပ်သော ဆေး/ဆေးပစ္စည်းများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ဆေးရုံ/တိုက်နယ် ဆေးရုံများအတွက် ဆေး/ဆေးပစ္စည်းများဝယ်ယူခြင်း။

(ခ) ပုသိမ်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူခြင်း။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)

**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးကုသရေး ဦးစီးဌာနမှူးရုံး (ပုသိမ်ပြည်သူ့ဆေးရုံကြီး) ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့

**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် ရက်၊ အချိန်** - ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး (ပုသိမ်ပြည်သူ့ဆေးရုံကြီး) ဖုန်း-၀၄၂-၂၁၇၅၀၊ ၂၅၆၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းကို ၁၂/မဘန (နိုင်) ၁၀၆၈၂၈၊ CDC-67482 ၏ PSC & RB သင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၉၉၉၀၅**

## ပျောက်ဆုံးခြင်း

Neng Hua Construction Development Group Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်(ယာယီ) အမှတ်၁၉၉အက်ဖ်စီ/၂၀၁၄-၂၀၁၅ ရက်စွဲ ၂၃-၁၀-၂၀၁၅ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။

**ဖုန်း-၀၉-၃၁၉၁၉၉၀၄**

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ လုပ်ငန်းသဘောတူစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီများအနက် ကုမ္ပဏီ(၅၃)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့်ကုမ္ပဏီများမှ လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်များအားပေးသွင်းရန် ပျက်ကွက်ခဲ့သည့်ကုမ္ပဏီများအနက် ပထမအကြိမ်တွင် ကုမ္ပဏီ(၅)ခု၊ ဒုတိယအကြိမ်တွင် ကုမ္ပဏီ(၂၁)ခု၊ တတိယအကြိမ်တွင် ကုမ္ပဏီ(၆၃)ခုတို့ကို ဌာနသို့ ရွှေပေးသွင်းခြင်းမရှိပါက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင်ကြော်ငြာ၍ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါအတိုင်းကုမ္ပဏီများအား အသိပေးအကြောင်းကြားခဲ့ရာ ကုမ္ပဏီ(၁၀)ခု ဌာနနှင့်လာရောက်ဆက်သွယ်၍ အပြည့်အဝ ရွှေပေးသွင်းပြီး ကုမ္ပဏီ(၁၃)ခုမှ တချို့တစ်ဝက်ပေးသွင်းပြီး ဆက်လက်ပေးသွင်းရန် ဝန်ခံကတိပြုထားပြီးဖြစ်ပါသည်။

၃။ ဌာနအနေဖြင့် ပထမအကြိမ်အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ(၅)ခုမှ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီ(၃)ခုအား ဒက္ခိဏခရိုင်တရားရုံးတွင် တရားစွဲဆိုခဲ့ပြီး ဒုတိယအကြိမ်အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ(၂၁)ခုမှ လာရောက်ဆက်သွယ်စာရင်းရှင်းလင်း ရွှေပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီ(၉)ခုတို့အား နေပြည်တော် ဒက္ခိဏခရိုင်တရားရုံး၌ အမှုဖွင့်တရားစွဲဆိုရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ သတင်းစာတွင်အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ(၈၉)ခုအနက် လာရောက်ဆက်သွယ်စာရင်းရှင်းလင်းပေးသွင်းခြင်းမရှိသည့်ကုမ္ပဏီများအား ဆက်လက်တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ အောက်ဖော်ပြပါကုမ္ပဏီ(၅၃)ခုသည် နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသည့်ရွှေစင်များအား ဌာနသို့လာရောက်ပေးသွင်းခြင်းမရှိသဖြင့် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်-

| | | |
|---|---|---|
| ၁။ သမုဒ္ဒရာနတ်သမီး | ၁၉။ အောင်မြင့်စံ | ၃၇။ စူးစမ်းလေ့လာ |
| ၂။ သိန်းထက်လျှံ | ၂၀။ ရွှေစိမ်းမြ | ၃၈။ တော်ဝင်ခနေ |
| ၃။ အောင်ပွဲဝင် | ၂၁။ မနောရတနာ | ၃၉။ ပန်းမြတ်ရာဇာ |
| ၄။ ထင်ပေါ်ကျော်ကြား | ၂၂။ ရွှေရတနာရွှေ | ၄၀။ ရွှေရောင်ကောင်းကင် |
| ၅။ ဂျိတ်လင်း | ၂၃။ ဟိန်းရာဇာ | ၄၁။ ရာမညအင်တာနေရှင်နယ် |
| ၆။ တွယ်ဆန် | ၂၄။ စိုးထက်ဝေ | ၄၂။ အမြဲမှန် |
| ၇။ ဖြိုးဝေသီရိ | ၂၅။ အောင်သုခလင်း | ၄၃။ ဝင်းမြိုင် |
| ၈။ မြန်မာနွယ်ဝင်း | ၂၆။ ထွန်းရန်နိုင် | ၄၄။ တောနော်ထူး |
| ၉။ မြန်မာအောင်မိုးဟိန်း | ၂၇။ နှင်းရောင်မြေ | ၄၅။ ရာသက်စံ |
| ၁၀။ စိုပြေအောင် | ၂၈။ ရွှေဝင်းထွန်းအောင် | ၄၆။ သီဂီအောင် |
| ၁၁။ ထက်ဝေဖြိုး | ၂၉။ ရွှေချင်းတွင်း | ၄၇။ အောင်နန်းသရဖူ |
| ၁၂။ နော့သင်းစတား | ၃၀။ ရွှေသပြေမိုး | ၄၈။ စိန်ငွေရွှေ |
| ၁၃။ စိမ်းမြတ်မွန် | ၃၁။ ရွှေတိုးတက်အောင် | ၄၉။ Silver Wave |
| ၁၄။ မြန်မာမိုးသောက်ကြယ် | ၃၂။ ရွှေဆွေထွန်း | ၅၀။ ပြည့်ဖြိုးလင်းခိုင် |
| ၁၅။ မိုးသောက်ကြယ်မင်း | ၃၃။ ဝင်းနှင့်ပြည့်ဖြိုး | ၅၁။ ရန်ကုန်ကြယ်နီ |
| ၁၆။ သိန်းသန်းသူ | ၃၄။ ဇူလိုင်မိုး | ၅၂။ ထွန်းတင့်ရွှေဝါ |
| ၁၇။ ရွှေဝန်ပေါင် | ၃၅။ ရွှေရအောင်ပြည့် | ၅၃။ စိန်မြေအပြည်ပြည်ဆိုင်ရာ |
| ၁၈။ ရွှေဝင်းဝါ | ၃၆။ အေးငြိမ်းမွန် | |

အလားတူ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီများမှ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အမှတ်(၂) သတ္တုတွင်းလုပ်ငန်း**

## ဆေးကုမ္ပဏီဝန်ထမ်းအလိုရှိသည်

**အမှတ်-၉၉(ခ)၊ အခန်း(၃၀၆) မြေနုလမ်း၊ မြေနုကွန်ဒို၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

1. **Medical Product Assistant Hybrid Role- (Female-3posts)**
   - Age under 35y/o, M.B.B.S with charming and extrovert personality, marketing knowledge
2. **Sales and Marketing Supervisor- (Male/Female-2posts)**
   - Age-minimum 30y/o, 2years+Sales and Marketing Supervising/ Management experience in Pharmaceutical industry.
3. **Senior Level Sales and Marketing - (Male/Female-5posts)**
   - အသက် (၃၀)အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်၊ ဆေးကုမ္ပဏီ၌ Sales and marketing experience အနည်းဆုံး (၂)နှစ်ရှိသူ။
4. **Packing & Delivery- (Male-5posts)**
   - အသက် (၃၀)အောက်၊ ရိုးသား၍ အလုပ်လုပ်ချင်စိတ်ရှိသူ။
5. **Driver- (Male-5posts)**
   - အသက် (၃၀)အောက်၊ ရိုးသား၍ ယာဉ်မောင်းကျွမ်းကျင်သူ၊ လိုင်စင်သက်တမ်း အနည်းဆုံး (၁)နှစ်။

စိတ်ဝင်စားသူများ ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏ မိတ္တူကို CV Form နှင့်အတူတွဲ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

## အောက်ပါဝန်ထမ်းများ အမြန်ဆုံးအလိုရှိပါသည်

| | |
|---|---|
| Waitress | ၂ |
| Kitchen Helper | ၃ |

အတွေ့အကြုံရှိသောသူများကို လစာညှိနှိုင်းပေးမည်။

**ဆက်သွယ်ရန်။** ၆၀/ဘီရွှေတောင်ကြား ၂ ရပ်ကွက်၊
ဖုန်း- ၀၁-၅၃၄၅၁၃၊ ၀၉-၄၂၅၃၁၃၄၀၆

## ပျောက်ဆုံး

ကျွန်တော် မောင်သန့်ဇင်ငြိမ်း ၁၂/ဥကမ (နိုင်) ၁၉၆၉၅၆ ၏ Ship's Cook လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၁၇၉၂

## Kinetic Myanmar Technology Co.,Ltd. မှ နေပြည်တော်ရုံးခွဲအတွက် ဝန်ထမ်းအလိုရှိသည်

Telecom Engineer, Power Engineer — Male (30) posts
BE, B-Tech, AGTI (EC, EP, Mechatronic, IT, MC)

နေပြည်တော်ဒေသခံဦးစားပေးမည်။ အတွေ့အကြုံမရှိသူများကို Training စီစဉ်ပေးမည်။ လူကိုယ်တိုင် (သို့) E.mail ဖြင့် လျှောက်ထားနိုင်ပါသည်။

**No. (797/A), Room(702), MAC Tower II, Corner of Bogyoke Aung San Road & Wardan Street Lanmadaw, Township, Yangon, hrm. kinetic@gmail.com, Ph:09-977232897**

## ဝန်ထမ်းအလိုရှိသည်

ညောင်တုန်းမြို့၊ ဗိုလ်မြတ်ထွန်းတံတားအနီး စားသောက်ဆိုင်တွင် တရုတ်အစားအစာ၊ ယိုးဒယားအစားအစာ ကျွမ်းကျင်စွာချက်ပြုတ်တတ်သော Chief Cook နှစ်ဦး အလိုရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၁၂၉၄၊ ၀၉-၅၀၃၃၇၀၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT)သို့ တက်ရောက်ရန်
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ဘွဲ့ကြိုသင်တန်းများကို ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၄ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်မည့်သူများသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ **၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ**ကိုအောင်မြင်ပြီး အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲ

(ခ) နိုင်ငံခြားသားဧည့်ပါမောက္ခများ ပါဝင်သင်ကြားမည်ဖြစ်သဖြင့် လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သောအရည်အချင်းရှိရန်လိုအပ်ပါသည်။

(ဂ) သတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။

(ဃ) လျှောက်လွှာများကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကျောင်းသားရေးရာဌာနနှင့် www.miit.edu.mm ၌ ၁၆-၁၁-၂၀၁၅ရက်တွင် စတင်ထုတ်ယူနိုင်ပြီး ၃၀-၁၁-၂၀၁၅ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပါသည်။

(င) သင်တန်းကာလမှာ (၅)နှစ်ဖြစ်၍ အောက်ဖော်ပြပါ အဓိကဘာသာရပ်(၂)ခုကို သင်ကြားပေးမည်။ B.E (Hons) ဘွဲ့ကို အပ်နှင်းမည်ဖြစ်ပြီးဘာသာရပ်တစ်ခုလျှင် စုစုပေါင်းကျောင်းသား ကျောင်းသူဦးရေ ၆၀စီ လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်-

(၁) Computer Science and Engineering
(၂) Electronics and Communication

(စ) ဝင်ခွင့်စာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်ကို ပူးတွဲစဉ်းစားမည်ဖြစ်သည်။ အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၃။ မန္တလေးမြို့တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်းသားများသည် မိမိအစီအစဉ်ဖြင့် နေထိုင်စားသောက်ရမည်ဖြစ်ပါသည်။

၄။ သင်တန်းသို့ တက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲစာစစ်ဌာန(၂)ခုဖြစ်သည့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့၌ ၇-၁၂-၂၀၁၅ ရက်တွင် ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ပါသည်။

၅။ အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲသည် (၂)နာရီမေးခွန်းဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းအဆင့်သင်္ချာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်ဆိုင်ရာမေးခွန်းများ ဖြေဆိုရမည်ဖြစ်ပြီး နမူနာမေးခွန်းအား www.miit.edu.mm တွင် ရယူနိုင်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်များနှင့် စာစစ်ဌာနများကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းများနှင့် www.miit.edu.mm တွင် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို www.miit.edu.mm တွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၉-၇၈၅၅၅၇၇၀၄နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၈။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည်-

(က) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ
(ခ) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် အမှတ်စာရင်းမိတ္တူ
(ဂ) ကျောင်းသား ကျောင်းသူနှင့် မိဘနှစ်ပါး၏ မှတ်ပုံတင်မိတ္တူ
(ဃ) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံလေးပုံ
(င) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ
(စ) သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ

**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**
**မန္တလေးမြို့**

ဟိုက်ခြောလစ်/လေဗီအား
**Fully Auto** အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
**09 420035882, 09 73199410**
**09 420035884, 09 73199257**

**ပေါင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၃ဂ-၇၆၄၇ ၏ပေါင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ပေါင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

## MAXPower (Thaketa) Co.,Ltd. မှ ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)

(၁) Power Plant Operation Engineer — (1) Post (Male Only)
- AGTI, B.Tech, B.E (Mechanical or Electrical)
- Power Plant Operation/Maintenance အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- နေ့/ည အဆိုင်းဖြင့် အလှည့်ကျလုပ်နိုင်ရမည်။

(၂) Service Engineer (Electrical) — (1) Post (Male Only)
- AGTI, B.Tech, B.E (Electrical Power)
- Power Plant ရှိ စက်မှုပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများပြုပြင်ခြင်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- Engines, Switch Gear, Transformer စသော စက်ပစ္စည်းပြုပြင်ခြင်းလုပ်ငန်း အတွေ့အကြုံအနည်းဆုံး (၃)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။
- အသက် (၂၅မှ ၄၀)နှစ်အတွင်းရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် လိုအပ်သောစာရွက်စာတမ်း၊ အထောက်အထားနှင့်အတူ ၂၅-၁၁-၂၀၁၅ရက် နောက်ဆုံးထားပြီး MAXPower (Thaketa) Co.,Ltd. (၉)ရပ်ကွက်၊ ဧရာဝဏ်လမ်းမကြီး၊ သာကေတလျှပ်စစ်ဓာတ်အားပေးဝင်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ E-mail (Aye.Sandar@navigat.com) မှဖြစ်စေ လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၉၄၁၀၀၈၂/၉၄၁၀၀၈၃

**ပျောက်ဆုံးကြောင်း**

ကျွန်တော်အောင်မြင့်သိန်း ၈/နမန(နိုင်)၁၇၄၁၃၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MA-၅၂၅၆၆၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၂၃၃၇၆၃







## ပျောက်ဆုံးကြောင်း

ကျွန်မ အေးချမ်းသူ ၁၄/ဟကက(နိုင်)၀၁၉၄၃၄ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၀၆၀၂၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ မြေကွက်အမှတ် ၅၈၁/က၊ မြေကွက်တည်နေရာအမှတ် ၅၈၁/က၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အေးအေးကြည်၊ ဒေါ်မြင့်မြင့်ခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အေးအေးကြည် ၁၂/ဥကတ(နိုင်)၀၃၃၃၂၁၊ ဒေါ်မြင့်မြင့်ခင် ၁၂/ဥကတ(နိုင်)၀၃၃၁၇၄ တို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ပျောက်ဆုံးကြောင်းဝန်ခံချက်တို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၉ယ/၈၄၈၀၇ SYM Bonus-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၈/ဆပဝ(နိုင်)၀၅၁၃၁၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ တိုင်းရုံး(မကွေး)**

**မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း**

- ဝက်ခြံကုသမှု အစီအစဉ်များ ...
- ဝက်ခြံအမာရွတ် ကုသမှု ...
- တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
- မျက်နှာအရေအကြောင်း ကုသမှု ...
- အသားဖြူဝင်းခြင်းအတွက် ကုသမှု ...

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

**အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။**

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပွိုးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

**21 AD @ BILLBOARD ADVERTISING**

ရန်ကုန် (ပန်းဆိုးတန်းဂုံးတံတား/ကမ်းနားလမ်းနှင့်လမ်းမတော်ထောင့်/ကမ်းနားလမ်းနှင့် ၂လမ်းထောင့်/သမိုင်းလမ်းဆုံ/ပြည်လမ်းစော်ဘွားကြီးကုန်း/မင်္ဂလာဈေး စက်ရုံလမ်းဘက်ဝင်ပေါက်/ရန်ကုန်ပုသိမ်လမ်းမပေါ်လှိုင်သာယာ BOCအဝိုင်း/ကန်တော်ကြီးပော်ကီကွင်း)
တောင်ကြီး (မြကန်သာအဝိုင်း)
မော်လမြိုင် (အောက်လမ်းမကြီးနှင့် သင်္ဂဟာလမ်းထောင့်)
နေပြည်တော် (ရာဇဌာနီလမ်းနှင့်ပန်းခင်းလမ်းထောင့်မီးပွိုင့်လမ်းဆုံ)
ပုသိမ် (ရွှေရုပ်တုအဝိုင်း/မဟာဗန္ဓုလလမ်းမပေါ် ပုသိမ်တက္ကသိုလ်ဝင်ပေါက်)
မိတ္ထီလာ (ကျောက်ပန်းတောင်းလမ်းမကြီးပေါ် သိဒ္ဓိအောင်လမ်းထောင့်)
ပြည် (ရန်ကုန်ပြည်လမ်းမပေါ်ဇေယျာဝတီလမ်းထောင့်/နဝဒေးလမ်းဆုံ)
မုံရွာ (ဗိုလ်ချုပ်ကြေးရုပ်အဝိုင်း)
ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော် TOLL-GATE)

KING MAKER

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

**VICTORIA UNIVERSITY COLLEGE**

**HND အောင်မြင်ပြီးသူများအား သတင်းကောင်းပါးအပ်ခြင်း***

- BTEC HND (Level 5) ကိုမည်သည့် Centre မှ အောင်မြင်သူမဆို Merit / Distinction ဖြင့် အောင်မြင်ပါက Degree (Hons) UK Level 6 အဆင့်ကို ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ တစ်နှစ်သာသင်ယူရပါသည်။ (၃) နှစ်သင်ယူရမည်ဆိုသည်မှာ လုံး၀(လုံး၀) မဟုတ်ပါ။
- BTEC HND အောင်မြင်ပြီးပါက ဆက်လက်သင်ယူနိုင်သည့် နိုင်ငံတကာတက္ကသိုလ်ပေါင်း (၁၀၇၂) ခုရှိပါသည်။ https://degreecoursefider.pearson.com တွင်လေ့လာပါ။
- ယင်းနိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်လိုသူတိုင်းကို Victoria University College မှ ဝန်ဆောင်ခ မယူဘဲ ဝင်ခွင့်နှင့် ဗီဇာရရှိသည်အထိအကူအညီပေးနေပါသည်။
- Victoria University College သည် Quality Assurance Agency နှင့် University of Wolverhampton ၏ အသိအမှတ်ပြုခြင်းခံရသော တစ်ခုတည်းသော Centre ဖြစ်သဖြင့် ဗြိတိန်အစိုးရပိုင်တက္ကသိုလ်မှ ချီးမြှင့်သော BE (Hons), BA (Hons) ဘွဲ့များကို နောက်ဆုံးနှစ်အဆင့် (တစ်နှစ်သာ) ပြည်တွင်း(သို့) ပြည်ပတွင်တက်ရောက်ပြီး ဆွတ်ခူးနိုင်ပါသည်။
- University of Wolverhampton (UK) သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်သင်ကြားသူများ နှင့် ယင်းတက္ကသိုလ် မှ Victoria University College သို့ ပူးတွဲလာရောက်သင်ကြားခြင်းကို သင်ယူသူများရရှိမည့် အခွင့်အရေးနှင့် ဘွဲ့လက်မှတ် အတူတူပင်ဖြစ်ပါသည်။
  - BEng (Hons) - Civil Engineering
    - Mechatronics Engineering
    - Electronics and Communications Engineering
  - BA (Hons) - Business Management

***တတိယအကြိမ်မြောက်အတန်းများအတွက် စတင်လက်ခံနေပါပြီ။***

အသေးစိတ်စုံစမ်းရန် - ကျောင်းသားရေးရာဌာန - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၁၃၈၉၊ ၅၄၁၅၅၀၊ ၅၄၉၅၁၅၊ ၅၅၆၃၈၉၊ ၀၉၂၅၉၂၇၁၀၉၄။

PUN HLAING SILOAM HOSPITALS

**အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ် (ထိုင်း)**

နိုဝင်ဘာလ (၁၉) ရက်နေ့မှ (၂၁) ရက်နေ့အထိ

- မျက်ရစ်ဖော်ခြင်း
- နှာတံပြုပြင်ခြင်း
- အဆီပိုများကိုအဆီစုပ်စက်ဖြင့်ဖယ်ရှားပေးခြင်း
- ရင်သားအလှပြုပြင်ခြင်း
- မွေးရာပါနှုတ်ခမ်းကွဲပြုပြင်ခြင်း
- လည်ပင်းအရေပြားတင်းအောင်ပြုပြင်ခြင်း
- မျက်နှာအရေပြားတင်းအောင်ပြုပြင်ခြင်း
- အဆီပိုများကိုခွဲစိတ်ပြုပြင်ခြင်း
- မေးစေ့ပြုပြင်ခြင်း



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing.phsh@spa-mm.com

ဦး မ ဏီ ပဒ် မေ ဟုံ
ကြာပန်းကဲ့သို့ ဖြူစင်သန့်ရှင်းတဲ့ မြတ်စွာဘုရားအား ရှိခိုးပါ၏။

**မင်းသိခ်**

**သူတော်စင်မလေး ပုဏ္ဏာရိက**

ကြီးပွားချမ်းသာချင်ရင် စိတ်ကူးမယဉ်နဲ့
ဖြတ်ခနဲပေါ် ..... ဆတ်ခနဲလုပ်.....။

လူတွေဟာ စနစ်တကျဖြစ်လာပြီး၊ စနစ်တကျ သေဆုံးသွားကြတာလား.......။
ဒီလိုမှမဟုတ် မတော်တဆဖြစ်လာပြီး၊ မတော်တဆ သေဆုံးသွားကြတာလား...။

ဘုမ္မာဝတီစာပေ Tel : 09 25 22 99 559 , 09 31058 787

**မင်းသိခ်**

ဆားပုလင်းနှင်းမောင် နှင့် တတိယအကြိမ်

**ဘုမ္မာဝတီ** ထွက်ပြီ

**အရှုပ်တော်ပုံ**

Tel : 09 25 22 99 559 , 09 31058 787

ဘုမ္မာဝတီစာပေ (၁၃၅၂/က)၊ ဘုမ္မာလမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
https://www.facebook.com/bommarwaddy.books

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဃ/၄၉၀၃၊ Mitsubishi Canter FE51CB, L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စည်သူ ၉/အမဇ(နိုင်)၀၂၃၅၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## (၆)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါက်တာမြစန္ဒီအောင်
## (၁၆-၅-၂၀၁၅)-(၁၆-၁၁-၂၀၁၅)

သမီး မိသားစုအားခွဲခွာသွားသည်မှာ (၆)လပြည့်ပြီဖြစ်သော်လည်း တစ်နေ့မှမမေ့မရပါ။ သမီးအတွက် ရည်စူးပြီး ပြုသမျှသောအလှူဒါနကုသိုလ်ကောင်းမှုတို့အား အမျှပေးဝေပါ၏။ သမီးကောင်းရာမြင့်မြတ်ရာ သုဂတိဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆို နိုင်ပါစေ။

**သမီးလေးရေ အမျှ . . . အမျှ . . . အမျှ ပေးဝေပါ၏။**

ကျန်ရစ်သူ
ဖေဖေ မေမေ
သား မောင်ဉာဏ်ကျော်ဇောနှင့်မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)
**M.B.,B.S,F.R.C.S(Edinburgh)**
**ခွဲစိတ်ကုဆရာဝန်ကြီး**
**အသက် (၈၆)နှစ်**

ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw) သည် ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနေလင်းကြည် - ဒေါ်လဲ့လဲ့ခိုင် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ (၆၁၅/ဒီ) နေ ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည်(Fortune Int'l Ltd)၊ ဒေါက်တာသန်းဝင်း-ဒေါ်တင်တင်အေး (Concordia Int'l Ltd)၊ ဦးစောထွေးဇော်-ဒေါ်သက်သက်တင် (S & A Co.,Ltd) တို့၏ဖခင် ဒေါက်တာဦးဇော်ဝင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူ**
**Global Grand Group Of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)
**M.B., B.S, F.R.C.S (Edinburgh)**
**ခွဲစိတ်ကုဆရာဝန်ကြီး**
**အသက် (၈၆)နှစ်**

ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင် ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune International Ltd.)တို့၏ဖခင် ဒေါက်တာဦးဇော်ဝင်းသည် ၁၁-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒါရိုက်တာအဖွဲ့**

**ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## ဦးလှထွန်း

၈ နှစ်ပြည့်အလွမ်း
၈နှစ်ပြည့်လည်း
မမေ့နိုင်ဘဲ
အမြဲသတိရလျက်ပါ
လွမ်းနေဆဲ

## ဦးအိုဂျေစမတ် (အိုင်အက်စ်အင်န်-၀၉၂၁၇၅)နှင့် သက်ဆိုင်သူများသိရှိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၁၉/အေ)နေ (၁)မတိုးတိုး ၁၂/လမန(နိုင်)၀၅၃၄၀၆၊ (၂)ဒေါ်ဝင်းရီ ၁၂/လမန(နိုင်)၀၅၃၄၄၀၊ (၃)ဒေါ်ဝင်းကြည် ၁၂/လမန(နိုင်)၀၅၃၄၃၉ တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၇)၊ ကမာရွတ်၊ မြေကွက်အမှတ် ၂၆/ခ၊ မြေအကျယ်အဝန်း ၀ ဒသမ ၂၇၄ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၁၉/အီး)ဟုခေါ်တွင်သော ဥပစာအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအိုဂျေစမတ်ထံမှ ကျွန်ုပ်မိတ်ဆွေများကဝယ်ယူပြီး လက်ရောက်ရယူခဲ့သော်လည်း တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးခဲ့ခြင်းမရှိပါ။ ယခုအခါ ဝယ်ယူခဲ့သည့်အိမ်မြေနှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုရန် လိုအပ်ပါသောကြောင့် ဦးအိုဂျေစမတ် (သို့) ၎င်း၏ဆက်ခံသူများသည် ရောင်းချခဲ့သည့်အိမ်မြေနှင့်ပတ်သက်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုရန် ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လာရောက်ပြုလုပ်ပေးရန် အကြောင်းကြားတောင်းဆိုလိုက်ပါသည်။ ယင်းနေ့ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမပြုခဲ့ပါလျှင် ဥပဒေအရ တရားစွဲဆိုတောင်းခံရလိမ့်မည်ဖြစ်ပါကြောင်း ကြေညာလိုက်ပါသည်။ **ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းဆွေ B.A,R.L** | **ဒေါ်ဇင်မာလှိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၁/၈၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၀၉၀၂)** |

**အမှတ်(၈၃)၊ အခန်း(၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၉၆၃၇၈၊ ၀၉-၉၇၅၁၉၆၃၇၈**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)
**M. B., B. S, F. R. C. S(Edinburgh)**
**ခွဲစိတ်ကုဆရာဝန်ကြီး**
**အသက်(၈၆)နှစ်**

ဒေါက်တာမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune International Ltd.)တို့၏ ချစ်လှစွာသောဖခင် ဒေါက်တာဦးဇော်ဝင်းသည် ၁၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဆရာဦးအောင်ကျော်မြင့်(မိသားစု)**
**ဒေါက်တာဆွေဆွေမြင့်[ငါးအိုးတိုက်နယ်ဆေးရုံ-မဘိမ်း(ရှမ်း/မြောက်)]**
**ကျော်ဇေယျာမြင့်[စက်မှု/လယ်ယာ (ရုံးချုပ်)နေပြည်တော်]**

## ဦးအုန်းစိန် အသက် (၈၅)နှစ်
## (ကုန်သွယ်ရေး၊ငြိမ်း)

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလော့နီးမှတ်ကျေးရွာနေ(ဦးချို-ဒေါ်ဒင့်)တို့၏သား၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာနေ (ဦးပွေး-ဒေါ်ချစ်)တို့၏သားသမက်၊ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ဦးအောင်မြင့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်စမ်းစမ်းအေး၊ ဒေါ်ခင်မြင့်၊ ဦးဇော်မိုး(ပရိဘောဂလုပ်ငန်း)၊ ဒေါ်ရင်ရင်မေ(မြန်မာ့ စီးပွားရေးဘဏ်၊ ဘဏ်ခွဲ -၂)၊ ဦးဝမ်းဇော်(ပတ်ဝန်းကျင်/သစ်တောရေးရာဝန်ကြီးဌာန)-ဒေါ်နီနီထွေး(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)၊ ဒေါ်နွဲ့နွဲ့ကြည် (မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)တို့၏ဖခင်၊ မောင်စိုးသီဟ(သစ်တောဦးစီး ဌာန)၊ မခက်ခက်ဝေတို့၏အဘိုးသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၅နာရီတွင် အမှတ် ၃၄၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ရွှေဝါလမ်းသွယ်၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်သိန်းနွယ့် (အထပြ၊ ငြိမ်း)တောင်ကုတ် အသက်(၇၀)
**1973- B.Ed**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်(၁)နေ [ဦးညီလေး-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဦးတင်ကျန်-ဒေါ်မငွေ)တို့၏သမီးချွေးမ၊ ဦးတင်ငွေ၏ချစ်လှစွာသောဇနီး၊ ကိုကျော်မျိုးလွင်-မသီရိလွင်၊ မခင်လတ်လတ်မျိုး၊ မောင်မျိုးမင်းလွင်၊ မခင်မျိုးမျိုးထက်တို့၏ ချစ်လှစွာသောမိခင်၊ မောင်လွင်ဘုန်းဟိန်း၏ဘွားဘွားကြီးသည် ၁၄-၁၁-၂၀၁၅ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

[ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ ဒယ်တာပလာဇာ၊ တိုက်(B)၊ အခန်း ၄၀၄ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။] **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး
## ဒေါ်သိန်းနွယ့် (အထပြ၊ ငြိမ်း)တောင်ကုတ် အသက်(၇၀)
**1973- B.Ed**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၁)နေ [ဦးညီလေး-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဦးတင်ကျန်-ဒေါ်မငွေ)တို့၏သမီးချွေးမ၊ ဦးတင်ငွေ၏ချစ်လှစွာသောဇနီး၊ ဦးအောင်သန်း-ဒေါ်တင်တင်၊ ဦးအောင်မြင့်-ဒေါ်ခင်မြင့်ရီ၊ ဦးကျော်သန်း၊ ဒေါ်ခင်ခင်သိန်း၊ ဦးခင်မောင်ရွှေ-ဒေါ်အေးအေးမူ၊ ဦးကျော်ဆွေ-(ဒေါ်တင်ရွှေ)၊ ဦးတင်အေး-ဒေါ်သန်းသန်းမြင့်၊ (ဦးမောင်သန်း)-ဒေါ်ဆွေဆွေ၊ (ဦးသန်းဝင်း)-ဒေါ်နုနုရီ၊ ဦးမျိုးမြင့်အောင်-ဒေါ်သန်းသန်းငွေးတို့၏အစ်မကြီးသည် ၁၄-၁၁-၂၀၁၅ရက် မွန်းလွဲ ၁း၄၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ ဒယ်တာပလာဇာ၊ တိုက်(B)၊ အခန်း ၄၀၄ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။] **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်အေး
**ဒုညွှန်မှူး၊ ပျားဌာနဝန်ထမ်းဟောင်း**
**အသက်(၆၅)နှစ်**

၁၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပျားဝန်ထမ်းဟောင်းများအသင်း**

## ကိုအောင်သူရဝင်း
**ရွှေနှင်းဆီ-ရွှေစပါယ်ကုန်မျိုးစုံ၊ ယုဇနပလာဇာ-မင်္ဂလာဈေး**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ သုခလမ်း၊ အမှတ် ၄၃-ငါးလွှာ၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးဝင်းထွန်း-ဒေါ်မြင့်မြင့်ခင် (ရွှေနှင်းဆီ-ရွှေစပါယ်)ကုန်မျိုးစုံတို့၏သား၊ ဝါးခယ်မမြို့နေ ဦးအောင်ကြည်-ဒေါ်ကျင်ထွေးတို့၏သားသမက်၊ [ကိုအောင်ဇော်ဦး(ခ)ကိုဇော်ကြီး]၏ညီ၊ မသီရိဆွေ၏ခင်ပွန်း၊ မောင်မြတ်သူရထွန်း[G -11- K၊ ဒဂုံ(၁)]၊ မောင်ဖြိုးပြည့်အောင် [G - 8-H၊ ဒဂုံ(၁)]တို့၏ဖခင်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့)တွင် သုခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းရင် (ဝါးခယ်မ)
**အသက် (၉၀)**

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်စန်းဝင်း၏မိခင် ဒေါ်သန်းရင်(ဝါးခယ်မ)သည် ၇-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း (Edwin Saw)
**M.B.,B.S , F.R.C.S(Edinburgh)**
**ခွဲစိတ်အထူးကုဆရာဝန်ကြီး**
**အသက် (၈၆)နှစ်**

ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည်(Fortune International Ltd.)တို့၏ဖခင်သည် ၁၁-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါက်တာမောင်မောင်လေးနှင့်ဇနီး ဒေါ်ဆွေနီမြင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၆၁၅ (ဒီ) နေ ဦးအောင်ခိုင်-ဒေါ်ခင်စောဝေတို့၏ ချစ်လှစွာသောဖခင်ကြီး ပါမောက္ခ ဦးဇော်ဝင်း (ခွဲစိတ်ကုဆရာဝန်ကြီး)သည် ၁၁-၁၁-၂၀၁၅ရက် ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဟန်ရှိန် [တရားရုံးချုပ်တရားသူကြီး(အငြိမ်းစား)] နှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြမြလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးဇော်ဝင်း
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ် ၆၁၅/ဒီ နေ (မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်သံဒါဖြူ)၏ ခင်ပွန်း၊ မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် (Fortune International Ltd.) တို့၏ဖခင် ပါမောက္ခ ဒေါက်တာဦးဇော်ဝင်းသည် ၁၁-၁၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Golden Land Development Public Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းမစောရည်မွန်၏ ချစ်လှစွာသောဖခင် ဆရာကြီး ပါမောက္ခ ဒေါက်တာဦးစောတင် အသက်(၇၈)နှစ်သည် ၈-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာထွန်း**

## အထူးကျေးဇူးတင်ရှိခြင်း

၅-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသောမိခင်ကြီး ဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ်၏ နာရေးကိစ္စအဝဝတွင် အစမှအဆုံးကူညီပေးကြသော သုခကမ္ဘာဆေးရုံမှ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ၊ တေဇ(၁၄)မှ သူငယ်ချင်းများ၊ Espace Avenir Service Apartment မှ Management နှင့် ဝန်ထမ်းများ၊ Famat Co.,Ltd.မှ ဝန်ထမ်းများနှင့်လုပ်ဖော်ကိုင်ဖက်များ၊ အထက(၂)၊ အထက(၅)နှင့် အမက(၁)ကမာရွတ်တို့မှ ဆရာမကြီးများ၊ သူငယ်ချင်းများနှင့်တပည့်များ၊ 79th Batch ဓာတု/ကုန်ထုတ်ဓာတုဗေဒမှ သူငယ်ချင်းများ၊ လပွတ္တာမြို့နယ်အသင်း၊ နှစ်ဖက်သောညီအစ်ကိုမောင်နှမများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ ရိုးမရိပ်သာ မိသားစုဝင်များ၊ အဘက်ဘက်မှ မေတ္တာထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူ
**သားသမီးမိသားစုများ**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
**ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဦးစောမြင့်ကြည်ဆက်
**(၁၆-၁၀-၂၀၁၅)-(၁၆-၁၁-၂၀၁၅)**
**အသက် (၅၉)နှစ်**

**သာမည၊ ရွှေညောင်ပင်ရပ်၊ ဘားအံမြို့၊ ကရင်ပြည်နယ်။**

မမျှော်လင့်ဘဲ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့တစ်ရက်မှ မေ့မရခဲ့ပါ။ ရည်စူး၍ ပြုလုပ်ခဲ့ပြီးသမျှနှင့် ပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်လေရာဘဝမှ သာဓုခေါ်နိုင်ရန် အမျှ-အမျှ-အမျှ ပေးဝေပါသည်။

| | | |
|---|---|---|
| **ချစ်ဇနီး** | - | ဒေါ်မိမိမော် |
| **သားသမီးများ** | - | ဦးအောင်ခင်ဝင်း-ဒေါ်တင်မိုးလွင်၊ ဦးဇော်ဇော်အောင်-ဒေါ်ခင်မျိုးနွယ်၊ ဦးဝိစိတ္တ၊ ဦးဇင်သူအောင်-ဒေါ်ယုယုနိုင်၊ ဦးတေဇာထွန်း-ဒေါ်အေးမဋ္ဌူ။ |
| **မြေးများ** | - | မောင်ကောင်းထက်ကျော်၊ မကြယ်စင်မေ၊ ဖိုးသောကြာ၊ မက္ကနွေခြင်၊ မောင်အောင်မြင့်မြတ်၊ မောင်ထူးမြတ်သူ။ |

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
**ကြည်း/၁၁၄၈၆**
**OTS (38), B.A (Philo)**
**BPI စက်ရုံမှူး(ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း)(စက်မှု-၁)**
**အသက်(၇၄)နှစ်**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေးရီ)တို့၏သား၊ (ဦးထွန်းကျော်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် 9/B၊ အခန်းအမှတ် ၁၀၂နေ ဒေါ်ရီရီညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်အောင်ဟိန်း-ဒေါ်တင်မိုးဟန်(တမခ-၆၆)၊ ဒုတိယဗိုလ်မှူးကြီးမင်းထွဋ်(တဆရ-၂/၅၀၀)၊ ဦးသန့်စင်ညွန့်-ဒေါ်ထိုက်ထိုက်မြင့်၊ ဗိုလ်ကြီးကိုကိုနိုင်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း)-မဖြူနှင်းနေခြည်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် တဆရ(၁/၁၀၀၀) မင်္ဂလာဒုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် တဆရ(၁/၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာရေစက်ချပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
**ကြည်း/၁၁၄၈၆**
**OTS (38), B.A (Philo)**
**အသက်(၇၄)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကိုကိုနိုင် - ဒေါ်ဖြူနှင်းနေခြည်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း) အသက်(၇၄)နှစ်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် တဆရ(၁/၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
**ကြည်း/၁၁၄၈၆၊ OTS (38), B.A (Philo)**
**အသက်(၇၄)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကိုကိုနိုင်၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀း၁၀နာရီတွင် တဆရ(၁/၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်)နှင့်ပုံနှိပ်စီစဉ်ရေးဌာနမှဝန်ထမ်းများ၊**
**စက်ရုံမှူးများနှင့်ဝန်ထမ်းများ**
**(အောင်ဆန်း၊ စာပေ၊ ဂျီတီစီ၊ ဖိုတိုလစ်သို၊ အထက်မြန်မာပြည်၊ နေပြည်တော်၊ ဗဟို၊ ပုံနှိပ်စက်ရုံများ)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
**ကြည်း/၁၁၄၈၆**
**OTS (38), B.A (Philo)**
**အသက်(၇၄)နှစ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးကိုကိုနိုင်၏ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀း၁၀နာရီတွင် တဆရ(၁/၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စာတည်းမှူးချုပ်နှင့်ဝန်ထမ်းများ**
**စာပေဗိမာန်**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့် (ငြိမ်း)
**ကြည်း/၁၁၄၈၆**
**OTS (38), B.A (Philo)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက် (9/B)၊ အမှတ် ၁၀၂နေ ဒေါ်ရီရီညွန့်၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် တဆရ(၁/၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးချုပ်ဝင်းနိုင်ထွန်းနှင့် ဇနီး ဒေါ်ကက်စီ မိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်နီနီတင်တင်ကြီး
**အထက(၁)ဒဂုံ ကျောင်းသူဟောင်း**
**ပျို့ထိပ်တင်ဇာဘော်လီ၊ ၉၃၊ B ရုံ၊ သိမ်ကြီးဈေး**
**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၃၂၊ A-1 နေ [ဦးမောင်မောင်ကြီး-ဒေါ်လှရီ(ခ)ဒေါ်စန္ဒာသင်္ဂီ]တို့၏ သမီး၊ ဦးကိုကိုကြီး-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးအောင်ကြီး(MD၊ သော်တာငွေရည် ကုမ္ပဏီ)-ဒေါ်မီမီခင်ခင်ကြီး၊ ဗိုလ်မှူးအောင်အောင်ကြီး(ငြိမ်း)-(ဒေါ်သီတာဝင်း)တို့၏ညီမ၊ ဦးသန်းထွဋ်၏ချစ်လှစွာသောဇနီး၊ မောင်လွင်ဦး(ခ)လင်းလင်း (G-6၊ အလက-၁၊ ဒဂုံ)၏မိခင်၊ (မဆွေဇင်ဝင်း)၊ ကိုမျိုးဇင်မောင် (Sunny-Guitarist)၊ ရဲအုပ်မင်းညွန့်အောင်-မစန်းမြင့်ကြည်၊ ကိုရဲသီဟအောင်(မြန်မာသံရုံး၊ ခေတ္တ-UK)- မလဲ့လဲ့မူ၊ ကိုပြည့်ကျော်-မကြည်ပြာခိုင်တို့၏ဒေါ်လေး၊ မြေးသုံးယောက်တို့၏ဘွားလေးသည် ၁၄-၁၁-၂၀၁၅ရက် ည ၉း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အုန်းခင် အသက်(၁၀၁)နှစ်
**(မြန်မာစာကထိက၊ငြိမ်း)၊ပညာရေးတက္ကသိုလ်၊ရန်ကုန်အဖွဲ့ဝင်၊မြန်မာစာအဖွဲ့**
**ကန်တော့ခံသက်ကြီးစာပေပညာရှင် (အင်းလျားကြည်ရွှင်)**
**ဝိဇ္ဇာပညာထူးချွန်(ပထမဆင့်)**

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၃၊ အခန်း(၃အေ)နေ (ဦးဘညွန့်၊ အငြိမ်းစားသမိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်)၏ဇနီး၊ ဦးတင်ဝင်း(ညွှန်မှူး၊ ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-(ဒေါ်တင်တင်ဦး၊ စာတည်းမှူး၊ ငြိမ်း၊ မြန်မာစာအဖွဲ့)၊ (ဦးဝင်းညွန့်)၊ (ဦးဝင်းဦး)၊ (ဦးအောင်မိုး)-ဒေါ်မေမြင့်ရီ၊ (ဦးကြည်ရွှင်)-ဒေါ်ကြူကြူသင်း၊ ဦးစိုးညွန့်(အဲမန္တလေးလီမိတက်)-ဒေါ်ယုဇနဝင်း(စာရင်းစစ်မှူး၊ ငြိမ်း)၊ ဦးအေးညွန့် (ရေကြောင်း၊ အင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်ဝင်းဝင်းကြည်၊ ဦးသန်းကျော်ညွန့်(ညွှန်မှူး၊ ငြိမ်း၊ အား/ကာ)-ဒေါ်အေးအေးမွန်(ဒုညွှန်မှူး၊ အား/ကာ)၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်(အထွေထွေမန်နေဂျာ၊ အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်)တို့၏မိခင်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဆရာမကြီး ဒေါ်အုန်းခင်
**မြန်မာစာအဖွဲ့ အဖွဲ့ဝင်**
**အသက်(၁၀၁)နှစ်**

မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာမကြီး ဒေါ်အုန်းခင်သည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
## အကယ်ဒမီ ဒေါ်တင်တင်နွဲ့
**အသက်(၇၁)နှစ်**

သူငယ်ချင်း ဦးသက်ထွန်း (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့သည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ နှမြောတသ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၄)တပ်ခွဲ၊ ဖောင်ကြီးဆင်း**
**သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးခင်စန်း (ရွှေကျင်)
**ရန်ကုန်ဝိဇ္ဇာ-သိပ္ပံတက္ကသိုလ်မြန်မာစာ(၁၉၆၈-၇၂)ကျောင်းသူဟောင်း**
**အသက်(၆၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်ကွက်နေ(ဦးကြာဝင်း-ဒေါ်မြညွန့်)တို့၏သမီး၊ညောင်လေးပင်မြို့နယ်၊ဆာဆေးကျေးရွာနေ(ဦးစံညွန့်-ဒေါ်အုန်းတင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-(ဒေါ်မြမြဝင်း)၊ နေပြည်တော်နေ ဦးဆန်းညွန့်-ဒေါ်စန်းစန်းတို့၏ညီမ၊ ရွှေကျင်မြို့၊ ရှမ်းကြေးရပ်ကွက်၊ ညဈေးလမ်းနေ ကိုတေဇာတိုး၊ ကိုထင်လင်းစိုး-မခင်ဆုမွန်တိုး၊ ကိုချမ်းသာတိုး-မနှင်းပပမျိုးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်သူရိန်လင်းစိုး၊ မောင်အုပ်စိုးခန့်တို့၏အဘွား၊ ဦးမောင်တိုး(တရားလွှတ်တော်ရှေ့နေ)၏ချစ်လှစွာသောဇနီးသည် ၁၅-၁၁-၂၀၁၅ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရွှေကျင်မြို့၊ ရှမ်းကြေးရပ်ကွက်၊ ညဈေးလမ်းနေအိမ်မှ ရွှေကျင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၅ရက် (စနေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ကြည် အသက်(၆၆)နှစ်
**B.E/ E.P (RIT) (၁၉၇၅)**

[ဗိုလ်မှူးသောင်းညွန့်(ငြိမ်း) C.O.D-ဒေါ်ကြီးလှ]တို့၏သား၊ (ဦးဆင်-ဒေါ်မြဆင်)တို့၏သားသမက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးအိမ်ရာ၊ တိုက် ၁၊ အခန်း ၃၃နေ ဒေါ်သန်းသန်းနွယ်၏ခင်ပွန်း၊ မအေးမြတ်ကြည်-မောင်သားဇင်ထွဋ်၊ မမျိုးမြတ်ကြည်၊ မောင်ဝေယံမြင့်ကြည်၊ မသူဇာမြတ်ကြည်တို့၏ဖခင်၊ မောင်သုခစေ၏အဘိုးသည် ၁၅-၁၁-၂၀၁၅ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဖြူသွယ်စိုး (ဟသာ်တ)
**B.Com (AA)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၉၇နေ (ဦးငွေစိုး - ဒေါ်တင်ရွှေ)တို့၏ သမီး၊ ဦးအေးဝင်း-ဒေါ်သင်းနွယ်စိုး၊ ဦးစိုးလှိုင်-ဒေါ်ယဉ်ယဉ်ဌေးတို့၏ညီမ၊ ဒေါ်သီတာစိုး (Panasonic - Advance Vision)၊ ဦးမြင့်စိန်-ဒေါ်မြတ်မြတ်စိုး၊ ဒေါက်တာတင်ငယ်စိုးတို့၏ အစ်မ၊ မာင်ဖြိုးသူဝင်း (Vintage Hotel)၊ မောင်ပြည့်ဖြိုးဦး(Coca Cola)-မအိဖြိုးကျော်၊ မောင်ညီဇော်ထက်(BSM Shipping)၊ မောင်အောင်မြင့်စိုးတို့၏ အဒေါ်၊မောင်အောင်ကျော်ဖြိုး၏အဘွားသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၅ ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ခိုင်
**တပ်တွင်း ဒုရဲအုပ်လောင်း**
**အပတ်စဉ်(၁၅)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စည်ပင်ရဲဝင်း၊ ၂ထပ်လိုင်း၊ အခန်း ၃နေ ဦးငြိမ်းမောင် - ဒေါ်သောင်းရင်တို့၏ သား၊ (နေပြည်တော်၊ ကာကွယ်ရေး ဦးစီးချုပ်-ကြည်း)ဝင်း အတွင်းနေ ဒုအရာခံဗိုလ်လှထွန်း - ဒေါ်ခင်စန်းဝေ၊ ဒေါ်ချိုချို (စာရေးအဆင့်-၂၊ စည်ပင်သာယာ ရဲတပ်ဖွဲ့မှူးရုံး)၏ အစ်ကို၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန် ၃လမ်း၊ တိုက် ၅၊ အခန်း (စီ-၄)နေ ဒေါ်ခင်ငွေဝင်း၏ခင်ပွန်း၊ ကိုမျိုးဇော်ဇော်-မဝင်းမင်းသန်း၊ ကိုအောင်ကျော်ခိုင်-မဖြိုးသီဂီတို့၏ဖခင်သည် ၁၅-၁၁-၂၀၁၅ရက် နံနက် ၆း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (စည်ပင်ရဲဝင်းမှ ကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်အောင် (စစ်တွေ)
**(မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ကော်ပိုရေးရှင်း၊ ဌာနမှူး၊ ငြိမ်း)**
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ၂၈/၂၊ ကန့်ကော်မြိုင်လမ်းနေ (ဦးနီအောင်ဖြူ-ဒေါ်ထွေးတင်)တို့၏ သမီး၊ (ဒေါက်တာသာထွန်းဦး) - ဒေါ်ကျော့သာ၊ (ဗိုလ်မှူးကြီးရွှေဇံအောင်) - ဒေါ်တင်လေးဇံတို့၏ညီမ၊ ဦးအောင်ကျော်သာ-(ဒေါ်သိန်းသိန်းဒိုင်)တို့၏ အစ်မ၊ Capt ကျော်ထွန်းဦး - ဒေါ်ဖြူဖြူလှ၊ Capt ထွန်းနီ - ဒေါက်တာမြသူဇာ၊ ဒေါက်တာစောထွန်းအောင်-ဒေါ်ခင်မျိုးသာ၊ Capt ဝင်းအောင်ထွန်း-ဒေါ်မေစံပယ်ဝင်း၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်အချိန်အားထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြအေး
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၂၅နေ (ဦးတင်စိန်)၏ဇနီး၊ ဦးလွင်ဦး၊ ဦးမြင့်ဆွေအောင်၊ ဦးမြင့်စိန် - ဒေါ်သန်းသန်းစိုး၊ ဒေါက်တာစန်းစန်းဌေး(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်ထွန်း-ဒေါ်ဌေးဌေးကြွယ်တို့၏မိခင်၊ မအေးမွန်မြင့်၊ မောင်မင်းခန့်ထွန်း၊ မောင်ယုဒမင်းထက်ပိုင်တို့၏ အဘွားသည် ၁၄-၁၁-၂၀၁၅ရက် ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၅ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရားဒါယကာ**
## ဦးမောင်အေး
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၁) ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် ၆၇နေ (ဦးပါ)-ဒေါ်ခင်ရီ(လှနိုင်-စားသောက်ဆိုင်)၊ (ဦးထွန်းရှိန်-ဒေါ်စိန်ရှင်)တို့၏ သား၊ (ဦးကျော်သိန်း-ဒေါ်ပန်းကြည်) တို့၏သားသမက်၊ ဗိုလ်ကြီးထိုက်ဇော် (ဂန့်ဂေါ)-မချိုရီဇော်၊ မောင်ထိုက်ဝင်း၊ မောင်ရဲကျော်မိုး၊ မအေးချမ်းသီရိတို့၏ ဖခင်၊ ဒေါ်နွဲ့နွဲ့စန်း(နေလ-စားဖွယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး တစ်ယောက်၏အဘိုးသည် ၁၃-၁၁-၂၀၁၅ ရက်(သောကြာနေ့)ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ သာကေတမြို့နယ်၊ (၁) ရပ်ကွက်၊ဇင်္ဂမလမ်း၊အမှတ်၆၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်တိုးကြည်
**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် (မြောက်ပိုင်း) ရပ်ကွက်၊အောင်သပြေ ၂လမ်း၊ အမှတ် ၁၃နေ ဦးသန်း-ဒေါ်ခင်လှတို့၏သမီး၊ (ဦးချစ် - ဒေါ်ကျင်ညွန့်)တို့၏ချွေးမ၊ ဦးစိန်သွင်၏ဇနီး၊ ဒေါ်ဌေးဌေးရီ၊ ဒေါ်စန်းစန်းရီ (ပီတောက်လှိုင် ကဖီး)၊ (ဦးအုန်းသန်း)၊ ရဲအုပ်ဦးကျော်ထွေးတို့၏အစ်မ၊ ဦးဇော်ဝင်းထွန်း (တရားလွှတ်တော်ရှေ့နေ)၊ မယဉ်ယဉ်အေး၊ မောင်ထက်ကောင်းတို့၏မိခင်၊ တူ၊ တူမငါးယောက်၊မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)မွန်းလွဲ ၁း၁၅နာရီတွင် OSC ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်း
**ပြန်ကြားရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၉၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ဘော်စင်လမ်းသွယ်(၁)၊ တိုက် ၂၁၊ အခန်း ၄နေ (ဦးသာစ-ဒေါ်အေးသင်)တို့၏သား၊ (ဒေါ်တင်လှ)၏ခင်ပွန်း၊ ဦးသက်တင်-(ဒေါ်တင်တင်ဝင်း)၊ ဦးစိုးထွန်း-ဒေါ်ခင်သန်းဝင်း၊ ဦးကျော်ဝင်းဦး(အင်ဂျင်နီယာဌာန၊ အဆောက်အအုံ)-ဒေါ်အေးအေးသိန်း(ခ)နှိုးနှိုး၊ ဦးခင်ထွန်း၊ ဦးဇော်ထွန်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်ငွေ (ပိန်းဇလုပ်အသင်းဝင်)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံ ၄လမ်းနေ (ဦးမောင်-ဒေါ်ထွား)တို့၏သား၊ (ဦးရှင်-ဒေါ်စိန်မှုံ)တို့၏သားသမက်၊ ဒေါ်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ဦးတင့်ဆွေ-ဒေါ်ဝင်းဝင်းသန်း(တပ်ချည်-သမိုင်း)၊ ဦးမျိုးမြင့်-ဒေါ်ခင်နှင်းကြူ၊ ဒေါ်ချစ်ချစ်ဝေ(ကော်ဇောစက်ရုံ၊ ဒေါပုံ)၊ ဒေါ်ခင်မာကြူ(ကော်ဇောစက်ရုံ၊ ဒေါပုံ)၊ ဒေါ်စိုးစိုးနွယ်၊ ဒေါ်ချိုချိုဇင်၊ ဒေါ်တင်တင်ခိုင်၊ ဦးကြည်လွင်-ဒေါ်မဥ္ဇူထွေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမောင်ပု အသက်(၈၀)
**(ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း)**

သာယာဝတီမြို့နေ (ဦးသိန်းဇော်-ဒေါ်ဥ)၊ ကော့ကရိတ်မြို့နေ(ဦးစံညွှင်း-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ သာယာဝတီမြို့နေ(ဦးမောင်ဝ)-ဒေါ်သိန်းတင်တို့၏မြေး၊ ဦးနု-ဒေါ်ကြည်အေး၊ ဦးတင်ငွေ-(ဒေါ်အေးသန်း)၊ (ဦးမြင့်အောင်)-ဒေါ်တင်ရီ၊ ဦးမြခိုင်-ဒေါ်စန်းမြင့်တို့၏အစ်ကို၊ ကိုသန့်ဇင်၊ ကိုမြင့်နိုင်-မယုမာလာ(တပ်/ချည် သမိုင်း)၊ ဦးခင်ဇော်(ရေနံဓာတု)-ဒေါ်ထွေးထွေးခိုင်(ရေနံ/သယ်/ဖြန့်)၊ ကိုအောင်မျိုး(YESC ၊ ဗဟန်း)-မမျိုးမျိုးသစ်(YESC အနောက်ပိုင်းခရိုင်)၊ မနှင်းအိခိုင်(Banner Yangon Co,Ltd)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်စောကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၁-၂၀၁၅ရက် နံနက် ၂း၃၀နာရီတွင် အမှတ် ၄၈၊ မာလာမြိုင် ၁လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးညီမောင်(ပခုက္ကူ) အသက်(၇၆)နှစ်
**မြန်မာ့လေကြောင်း(ငြိမ်း)၊ Air Bagan**

ပခုက္ကူမြို့၊ခန်တောရပ်နေ(ဦးနွဲ့-ဒေါ်အုန်းတင်)တို့၏သား၊အင်းစိန်မြို့နယ်၊ မာဃလမ်းနေ (ဦးတင့်လွင်၊မြန်မာ့ရေနံ၊ ငြိမ်း)-ဒေါ်အုန်းကြည်ကြည်၊ ပခုက္ကူမြို့နေ ဦးမျိုးမင်း-ဒေါ်ကြင်အေးတို့၏ညီ၊ ဦးညွန့်မောင်-(ဒေါ်ခင်ညွန့်)၊အင်းစိန်မြို့နယ်၊ မာဃလမ်းနေ ဒေါ်မြင့်မြင့်မာ-ဦးညွန့်ဌေး(ဘဝရ၊ ငြိမ်း)၊ ဒေါ်အေးနှင်း(စက်မှု-၁)-(ဦးလှအောင်)တို့၏အစ်ကို၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးကြီးသည် ၁၂-၁၁-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် F.M.I City အေးသာယာလမ်း၊ G-18နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**လားရှိုးမြို့၊ ရန်တိုင်းအောင်ဘုရားအရံစေတီတော်ဘုရားဒါယကာကြီး**
**အမရပူရမြို့၊ မဟာဂန္ဓာရုံ ရဟန်းဒါယကာကြီး**
## ဦးမြင့်ဦး
**ပြည်နယ်တရားသူကြီး(ငြိမ်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တရားရုံး**
**အသက်(၇၁)နှစ်**

တောင်သာမြို့၊ (၄)ရပ်ကွက်နေ ဦးဌေးကြီး-ဒေါ်နွယ်နွယ်ဝင်း(ဘိုးဘိုးအောင်ဆီစက်)၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးမင်းစည်သူ-ဒေါ်အေးမြမြဖူး၊ မန္တလေးဆေးတက္ကသိုလ် ဒေါ်နေနီမြင့်ဦး (ဓာတ်ခွဲခန်းကျွမ်းကျင်-၂)၊ ကျောက်ဆည်တက္ကသိုလ်နည်းပြ ဒေါ်သီလာမြင့်ဦးတို့၏ဖခင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ (ဃ-၃၄)နေ ဒုတိယညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်) ဒေါ်အေးမူ၏ခင်ပွန်းသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်သိန်း (ဒါးပိန်)
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၇လမ်း၊ အမှတ် ၂၇၊ လေးလွှာ(A)နေ ဦးတင်စိုး၏ဇနီး၊ ဦးဝင်းနိုင်ထွန်း-ဒေါ်အေးသီအောင်၊ ဦးကျော်စွာစိုးတို့၏မိခင်၊ မရွှန်းလပြည့်သူ၊ မောင်ပြည့်စုံဖြိုး၊ မောင်ဇာနည်ထွန်းတို့၏ဘွားဘွားသည် ၁၄-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေလွင်အောင်
**အထက(၂)စမ်းချောင်း ကျောင်းသူဟောင်း**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ်(၁၄-B)၊ အခန်း ၁၀နေ ဦးလှအောင်-ဒေါ်မြလွင်တို့၏သမီး၊ မဖူးသင်ဇာစိုး၏မိခင်၊ ဦးအောင်လွင်ဦး၊ ဦးဟန်လွင်အောင်တို့၏ညီမ၊ ဦးထွန်းသိန်း-(ဒေါ်မြင့်မြင့်ကြည်)တို့၏ သမီးချွေးမသည် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) ည၁၀း၄၀နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## နောင်ဆက်တာဝန်ယူမယ့် အများစုနိုင်တဲ့ နိုင်ငံရေးပါတီနဲ့ အစိုးရအဖွဲ့ကလည်း ပါတီငယ်လေးတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့မှ အကြံဉာဏ်ယူတဲ့ အစဉ်အလာကို ဆက်ပြီးထိန်းသိမ်းသွားနိုင်မယ်လို့ မျှော်လင့်တယ်

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်

စာမျက်နှာ ❖ ၅

## ပြင်သစ်နိုင်ငံပါရီမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် စုံစမ်းစစ်ဆေးမှုများကို နယ်စပ်ဖြတ်ကျော်ဒေသများပါမကျန် ပြုလုပ်လျက်ရှိ

စာမျက်နှာ ❖ ၁၂

# ယဉ်ကျေးမှု၊ ပညာရေးနှင့်စီးပွားရေး မြို့ကြီးတစ်မြို့ဖြစ်လာမည့် မန္တလေး

မန္တလေး နိုဝင်ဘာ ၁၅

**အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေဒေါ်လာသန်း ၆၀ ဖြင့် မန္တလေးမြို့ကို ယဉ်ကျေးမှု၊ ပညာရေးနှင့် စီးပွားရေးအချက်အချာမြို့ကြီးတစ်မြို့အဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၄ ရက်က ထုတ်ပြန်သော ADB ၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။**

မန္တလေးမြို့ အဆင့်မြှင့်တင်ရေးစီမံကိန်းအရ မြို့ပြအခင်းအကျင်း၊ ပြည်သူ့ကျန်းမာရေး၊ ရေဖြန့်ဖြူးရေးနှင့် ရေဆိုးသန့်စင်ရေးနှင့် စီမံခန့်ခွဲမှုစသည်တို့ကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့ရှိ ပိုက်လိုင်းများဖြင့် ရေဖြန့်ဖြူးရေးစနစ်မှာ မြို့နေပြည်သူ ၅၅ ရာခိုင်နှုန်းလောက်သာ ရေပေးဝေနိုင်ခဲ့ကြောင်း၊ ထို့အတူ မိလ္လာကန်၊ အိမ်သာစနစ်များမှာလည်း လိုအပ်ချက်များစွာရှိနေကြောင်း၊ ထို့ကြောင့် ရေဆိုးသန့်စင်စက်ရုံတစ်ရုံတည်ဆောက်ခြင်းနှင့် လက်ရှိရေဖြန့်ဖြူးရေး ကွန်ရက်များကို

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ဘာသာပြန် - ကျော်သဲအိမ်
ဓာတ်ပုံ - သီဟစည်သူ

# မီးပွိုင့်စနစ်သစ်ပြောင်းလဲလာခြင်းကြောင့် မန္တလေးမြို့ ယာဉ်အန္တရာယ်ကင်းစင်စေမည်

သတင်းနှင့်ဓာတ်ပုံ - မင်းထက်အောင်(မန်းကိုယ်ပွား)

မန္တလေး နိုဝင်ဘာ ၁၅

**မန္တလေးမြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကောင်းမွန်စေရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေးအတွက် Real Time Traffic Light စနစ်သုံး မီးပွိုင့် ၁၁ ခု တိုးချဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သိရသည်။**

ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်သည့် ၇၈ လမ်းမကြီး တစ်လျှောက် ၂၆ လမ်းမှ စစ်ကိုင်းလမ်းခွဲအထိ လက်ရှိတပ်ဆင်အသုံး ပြုထားသည့် မီးပွိုင့်ရှစ်နေရာနှင့် ၇၈ လမ်း၊ ၃၂ လမ်းဆုံနေရာ အသစ်တွင် လည်းကောင်း၊ တစ်ဆက်တည်း ယာဉ်ကြော ပြေလည်စေရန်အတွက် ၇၈ လမ်း၊ ၃၅ လမ်းဆုံ၊ လမ်း ၈၀၊

*စာမျက်နှာ ၇ ကော်လံ ၁* ❖



## ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS